The Beautifier News Journal

အလှဆင်သူ ဂျာနယ်

အတွဲ-၁၂ အမှတ်(၉) ၁၃၈၃ ကဆုန်လဆန်း ၁၄ ရက် သောကြာနေ့ (၂၀၂၂ မေ ၁၃ ရက်)

၂ ပတ် ၁ ကြိမ် ပုဒ္ဓဂူးဆွေတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေသည်။

MYANMAR ETC
Cashless Society for Expressway
M.ezGo
09.96.994.71.71



ပြည်ထောင်စုဝန်ကြီးဦးရွှေလေး ဒလတံတားတည်ဆောက်ရေးစီမံကိန်းအတွက် IPC Girder ထုတ်လုပ်မှုနှင့် ချဉ်းကပ်တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စာမျက်နှာ ၃

နွေဦးရာသီမှ အောဆက်လာသည့် မိုးမိုးဦး - တရုတ် အက်ဆံထရား

မူရင်း စာမျက်နှာ ၁၃

ကျွန်တော်နှင့် ... ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ... ပုံရိပ်လိုများ ...

ဆက်ဖတ်ရန် (ဆောက်လုပ်ရေး) စာမျက်နှာ ၇

EVER PLUS
Traffic Safety Equipment
Road Signs
Ph: 09.514.3254,
09.430.222.25



Road Sign at Yangon-Bago Road.



EDITORIAL REMARK

ဝဋ်၊ ဝတ် နှင့် တာဝန်

မြန်မာဝေါဟာရ နယ်ပယ်တွင် 'ဝ' 'တဝမ်းပူသတ်' "ဝတ်" နှင့် 'ဝ' 'တလင်းချိတ်သတ်' "ဝဋ်" နှစ်မျိုးရှိ၏။ အသံတူသော်လည်း အနက်သဘောမတူ၊ ဝတ်ဆင်သည်၊ ဝတ်မှုန်ဝတ်ဆံ၊ ဝတ္ထုရား၊ ဝတ္ထု စသည်ဖြင့်လည်းကောင်း၊ ဝဋ်လည်၊ ဝဋ်ကြွေး၊ ဝဋ်လိုက် စသည်ဖြင့်လည်းကောင်း နောက်ဆက်စကားလုံးများပါလာပါမှ သဘောအနက်ကွဲလွဲကြောင်း ထင်ရှားပါသည်။ နောက်ဆက်စကားလုံးတွဲမပါဘဲ "ဝတ်"ဟူသော အသံတစ်လုံးတည်းသာ ပြောလျှင် ကြားရသူက "ဝဋ်" ဟူ၍ပင် နားလည်သဘောပေါက်သွားပါလိမ့်မည်။

စင်စစ်တွင် ရှေးလူတို့အသုံးအနှုန်းတွင် 'ဝဋ်' ဟုဆိုရာတွင် 'ဝိပါကဝဋ်'ဟူ၍မှတ်ရာ၏။ ကောင်း၊ မကောင်းဝိပါက်ကို ဖြစ်စေတတ်သော ကံအကျိုးဟုဆိုလိုသည်။ ပမာအားဖြင့် အတိတ်ခန္ဓာစဉ် ဘဝတစ်ခု၌ သူတစ်ပါး၏ ကိုယ်အင်္ဂါတစ်ခုခုကို ရိုက်နှက်ဖြတ်ချိုးနှိပ်စက်ကလူ ပြုမိသောကံကြောင့် ပစ္စုပ္ပန်ခန္ဓာဘဝတွင် ကိုယ်လက်အင်္ဂါ မသန်မစွမ်းဒုက္ခိတဘဝဖြစ်ခြင်း အကျိုးရသည်ဟူလို။ ဤသို့လျှင် သားဆိုး သမီးဆိုး၊ လင်ဆိုး၊ မယားဆိုးတို့နှင့် အတူ ယှဉ်တွဲနေရခြင်း၊ အနုအရွဲ မသတီဖွယ်ဘဝဖြစ်ရခြင်း၊ ကိုယ်လက်အင်္ဂါစုံလင်ပါလျက် ဉာဏ်ရည်မပြည့်၊ သူရူးသူနှမ်းဘဝဖြစ်ရခြင်း၊ ကြံတိုင်းမအောင်လုပ်တိုင်းမဖြစ် လိုတိုင်းမရ အညတရဘဝဖြစ်ရခြင်း စသည်တို့ကို "ဝဋ်"ဟုဆိုကြပါသည်။

"ဝတ်" ဟုဆိုရာ၌ 'ဝတ္ထုရား' ဟူ၍ မှတ်ရာ၏။ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်ကို ဆောင်ရွက်ခြင်းဟူလို။ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်ဟူ၍ ရှိ၏။ ပမာအားဖြင့် မိဘတို့သည် သားသမီးတို့အား မကောင်းတာကိုတားမြစ်ရမည်။ ကောင်းရာကိုညွှန်ပြရမည်။ အတတ်ပညာသင်ကြားစေရမည်။ အရွယ်ရောက်လာလျှင် ဘဝရပ်တည်နိုင်ရေးအတွက် အရင်းအနှီးတစ်ခု ဖန်တီးပေးရမည်။ သင့်တော်သူနှင့် ထိမ်းမြားခွင့်ပြုရမည်ဟူလို။ ဆိုလိုသည်မှာ သားသမီးတို့၏ ရှေ့ရေးအတွက် ထိန်းကျောင်းစောင့်ရှောက်ဆောင်ရွက်ပေးရမည်ဟူ၍ဖြစ်သည်။

ဤဝတ္ထုရား ငါးပါးတွင် ထည့်သွင်းပြဋ္ဌာန်းမထားသော်လည်း အသက်အရွယ်အလိုက် သင့်မြတ်သော အစာအာဟာရကို ကျွေးမွေးခြင်း၊ ဘေးဥပဒ်အန္တရာယ်ဟူသမျှကို ကာကွယ်စောင့်ရှောက်ခြင်းဟူသော ဆောင်ရွက်သင့်သည်ကို ဆောင်ရွက်ခြင်းကား ထည့်သွင်းဆိုစရာ မဟုတ်သော လူတိုင်းသိနားလည်ကြသော ဝတ္ထုရားဖြစ်နေ၍ အထူးမဖော်ပြထားခြင်းဖြစ်ဟန်တူ၏။

အကြောင်းမူကား လူကိုမဆိုထားဘိ အသိဉာဏ်အဆင့် လူနှင့်နီးစပ်သော နို့တိုက်သတ္တဝါများပင် ထိုဝတ္ထုရားများ လိုလိုလားလားဆောင်ရွက်ကြသည်ကိုတွေ့ဖူးကြပါလိမ့်မည်။ နို့တိုက်သတ္တဝါမဟုတ်သော ကြက်၊ ဌက် စသည်တို့လည်း အသိုက်အမြုံအတွင်း သင့်တော်ရာအစာခွံ့ကျွေးခြင်း၊ အစာရှာဖွေခြင်း၊ အပုံသင်ပေးခြင်း စသည့် အတတ်ပါ သင်ကြားပေးကြပါသည်။ သို့သော် အရွယ်ရောက်လာသောအခါ အမိအဖတို့တွင် ထိုထိုဝတ္ထုရားတို့သာမက သားသမီးဟူ၍ပင် မရှိတော့၊ သားသမီးကလည်း မိဘဟူ၍မရှိတော့ပေ။ အခြားဉာဏ်ရည်နိမ့်သည့် ဥမှပေါက်ဖွားသော မြွေ၊ ဖား၊ ငါး စသော သတ္တဝါတို့အဖို့မူ ဝတ္ထုရားဟူ၍မရှိ ကံသဘာဝအလျောက်သာ အသက်ရှင်ရပ်တည်ကြရသည်သာဖြစ်၏။

သို့ဖြစ်၍ ဉာဏ်ရည်မြင့်သောနို့တိုက် တိရစ္ဆာန်များပင် အရွယ်မတိုင်မီ ရင်အုပ်မကွာ သားသမီးတို့အပေါ် ကျွေးမွေးစောင့်ရှောက်သည့် ဝတ္ထုရားသိခြင်းကြောင့် လူတို့အဖို့ ဆိုဖွယ်ရာမရှိခြင်းဖြစ်ရပါသည်။

ဤသို့ဆိုသော် ဝတ္ထုရားဟူသော ထို "ဝတ်" သည် သင့်၊ မသင့်၊ တော်၊ မတော်၊ ကောင်း၊ မကောင်း စသည်တို့ကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းရှိသော ဉာဏ်ရည်နှင့်ကိုယ်ချင်းစာနာ ထောက်ထားတတ်ခြင်းဟူသော မေတ္တာ၊ ကရုဏာတရား သက်ဝင်သူတို့နှင့်သာ အဝ်စပ်ပေါ် ပေါက်တတ်သောတရားဖြစ်သည်။ ဤသို့ဖြင့် မိဘ၊ ဆရာသမား စသည့် ဂုဏ်ဝတ္ထို၊ ဝရဝတ္ထို ဂုဏ်အားဖြင့် ကြီးမြတ်သူ၊ အသက်အားဖြင့် ကြီးရင့်သူတို့အပေါ် ဝတ်ကြီးဝတ်ငယ် ဖြည့်ဆည်းပေးခြင်းဟူသော 'ဝတ်ဖြည့်သည်' ဟူသော စကား၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးတို့ကို အထူးအောက်မေ့သည်ဖြစ်၍ နေ့စဉ်ရွတ်ဖတ် သရဏဂုဏ်ရှိခိုးပူဇော်ခြင်းဟူသော 'ဝတ်တက်သည်' ဟူသောစကားတို့ ပြောဆိုသုံးနှုန်းကြရခြင်းဖြစ်ပါ၏။

သို့ဖြစ်သော်လည်း ထိုထို 'ဝတ်' တို့ကို ဆောင်ရွက်သူ၏ စေတနာဇောအပေါ်မူတည်၍ 'ဝတ်ကျေတမ်းကျေ'ဟူသော စကားနှင့် 'ဝတ်ကျေဝတ်ကုံ' ဟူသော စကားတို့လည်း ရှိနေသည်ကို သတိပြုရပါဦးမည်။ ဤသည်တို့ကား ဝတ္ထုရားဟူသော သဘောအနက်ဆောင်သည့် "ဝတ်"တို့ကို ခြုံငုံမိရုံမျှ တင်ပြခြင်းဖြစ်သည်။ အလျဉ်းသင့်၍ တာဝန်ဟူသော စကားအသွားအလာကို သဘောဆောင်ရန်ရှိပါသည်။ မြန်မာစကားနယ်ပယ်တွင် တာဝန်ဝတ္ထုရားဟူ၍ တွဲဖက်သုံးစွဲလေ့ရှိပြီး သဘောတူသယောင်ရှိသော်လည်း မတူကွဲလွဲမှုရှိပါသည်။ နှောင်းခေတ်တွင် ဝတ္ထုရားထက် တာဝန်က ပိုမိုပမာန ကျသယောင် ထင်မှတ်အလေး ထားလေ့ရှိပါသည်။

တာဝန်ဟူသည် မင်းအစိုးရဖြစ်စေ၊ လုပ်ငန်းရှင်ဖြစ်စေ လုပ်ပိုင်ခွင့်နှင့် ဩဇာအာဏာရှိသူတစ်ဦးဦးက ဩဇာအာဏာအရဖြစ်စေ၊ လခရိက္ခာပေး၍ဖြစ်စေ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တို့ကို လုပ်စေချင်သော အလုပ်တစ်ခုခုအတွက် ခိုင်းစေချက်ကို ဦးလည်မသုန် ထမ်းဆောင်ရခြင်းဖြစ်သည်။ ယခုခေတ်တွင် ရုံးစောင့်၊ ရုံးအကူ၊ အငယ်တန်းစာရေး၊ စာရေးကြီး၊ ရုံးအုပ်၊ ညွှန်ကြားရေးမှူး၊ ညွှန်ချုပ် စသည်မှသည် ဝန်ကြီး၊ ဝန်ကြီးချုပ်၊ သမ္မတ စသည့်စကားရပ်၏ နောက်တွင် ကြီးလေးသော တာဝန်များရှိနေ၏။ အလုပ်အတွက် တာဝန်အဆင့် သတ်မှတ်ချက် စကားရပ်များဖြစ်၏။ ရှေးမင်းများ လက်ထက်တွင်လည်း အခေါ်အဝေါ်မတူသည့်တိုင် ဤသဘောအတိုင်းသာဖြစ်၏။

ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားကာလ၊ ဇာလီယတောအုပ်အတွင်း ဟိဝသကမည်သော တက္ကသိုလ်ကျောင်းသားတစ်ဦးသည် ဩဇာတိက္ကမကြီးမားသော သူဆရာ ဒိသာပါမောက္ခကြီး၏ တာဝန်ပေးချက်အရ လက်ညှိုးပေါင်းတစ်ထောင်ပြည့်အောင် အသက်ပေါင်းများစွာ သတ်မိနေခဲ့ပေပြီ။ တက္ကသိုလ်ကျောင်းသားဘဝကတပည့်ဖြစ်၍ တပည့်ဝတ် မချွတ်မယွင်းသည့်အပြင် ဆရာကြီးအတွက်သာမက မိသားစုအတွက်ပါ ဝတ်ကြီးဝတ်ငယ် ကျေပွန်စွာဖြည့်ဆည်းခဲ့သည်။ ဉာဏ်ရည်ထက်မြက်သူဖြစ်၍လည်း တပည့်ပေါင်းအလယ် ဝင့်ထည်သူဖြစ်ခဲ့၏။ သို့ဖြစ်၍လည်း အခြားတစ်ပါးသော တပည့်တို့၏ မနာလိုဝန်တိုခြင်းရှိသည်ကိုလည်း သည်းခံရင်း ပညာဆည်းပူးခဲ့သူဖြစ်သည်။ သို့ဆိုလျှင် ဟိဝသကသည် ယောနိသော မနသိကာရနှင့်ပြည့်စုံသူဟု ယူဆနိုင်ပါသည်။

သို့သော် ဆရာ့စကား မြေဝယ်မကျ ဦးထိပ်ပန်ဆင်ရမည်ဟူသော အစွဲတစ်ခုဖြင့် လက်ညှိုးများအရယူလိုသော ဇောကပ်ပြီး လူအသက်များစွာကို ဖက်ရွက်ပမာသာ သဘောဖြစ်ခဲ့၏။ အမိကိုလည်းကောင်း၊ ဘုရားကိုလည်းကောင်း လက်ညှိုးဖြတ်နိုင်ရေး ဝါယမပြုခဲ့၏။ ဤကား တာဝန်သာလျှင် ပရာနဟူသော အဝိဇ္ဇာကြောင့် မေတ္တာကရုဏာစသည့် လောကပါလတရားပျက်ခဲ့ရသလို သင့်မသင့်၊ တော်မတော်၊ ကောင်းမကောင်း ဝေဖန်ပိုင်းခြားနိုင် စွမ်းသည့်ဉာဏ်ယောနိသော မနသိကာရလည်း ပျောက်ကွယ်ခဲ့ရခြင်းမဟုတ်ပါလော။

လောက၌ တချို့သောလူတို့သည် လွန်ကျူးသော ဝါသနာ ဒီဇံ အကြောင်းတစ်ခုစီ ရှိတတ်ကြ၏။ လွန်ကျူးသည်ဖြစ်ခြင်းကြောင့် အရူးဟုဆိုကြ၏။ တချို့က ဂီတရူး၊ တချို့က ရုပ်ရှင်ရူး၊ တချို့က အရာရှိရူး၊ တချို့က သူဌေးရူး၊ တချို့က ပညာရှင်ရူး၊ တချို့က သိဒ္ဓိ၊ မဟိဒ္ဓိရူး စသည်ဖြင့်ရှိကြသည်။

"ချစ် တပည့် သင်သည် အခြားတစ်ပါးတပည့်တို့ထက် ဉာဏ်ရည်ထက်မြက်သူလည်းဖြစ်သည်။ ဆရာသခင်၏ ဂုဏ်ကျေးဇူးကိုလည်း လွန်စွာ သိတတ်သူလည်းဖြစ်သည်။ ကြီးမားသော လုံ့လဝီရိယဖြင့် ပညာလိုလားသူလည်းဖြစ်၏။ ဆရာဟူသည် တပည့်များအပေါ် ပညာသင်ကြားပေးရာ၌ ဆရာစားချန်ထားစမြဲ ဖြစ်၏။ လက်ညှိုးပေါင်းတစ်ထောင်ဖြင့် ငါဆရာအား ပူဇော်နိုင်ပါက ဆရာစားမချန်သော ပညာအထူးကို သင့်အားပေးပါတော့မည်"ဟူသော မက်လုံးကိုကြားမိသော ပညာရူးဟိဝသကသည် သူတတ်မြောက်ထားပြီးသောဓားခုတ်လုံထိုးပညာ၊ ခြေရာကောက်ပညာ စသည့် ပညာအားကိုးဖြင့် အဘယ်မှာ မရူးဘဲ နေနိုင်ပါအံ့တော့နည်း၊ ဒိသာပါမောက္ခဆရာကြီးကဲ့သို့ ဇဗ္ဗူဒိတ်ကျန်းအလုံး လေးစားကြည်ညိုရသော ဂုဏ်ကြောင့်လည်း သူပေးသောကတိစကားကို အလွယ်တကူ ယုံကြည်ခဲ့သည်လည်း ဖြစ်ပါလိမ့်မည်။

မည်သို့ဆိုစေ အတိတ်ပါရမီခံ ရင့်သန်ခဲ့၍ ထူးချွန်ထက်မြက်သော ဉာဏ်ရည်ပါလာခဲ့သူဖြစ်၍ "ချစ်သား ငါကား မပြေးခြင်းကြောင့် ရပ်နေသူသာဖြစ်၏။ သင်သာလျှင် ပြေးနေသူမဟုတ်လော" ဟူသော မြတ်ဗုဒ္ဓ၏ စကားတစ်ခွန်းအဆုံးတွင် ထူးခြားဆန်းပြားသော အံ့မခန်း ပညာရှိစကား ဖြစ်ပေလိမ့်မည်ကို ချက်ချင်းရိပ်စားခဲ့မိပေတော့၏။ ဤသူသာလျှင် ပကတိ ပညာရှိတစ်ပါးဖြစ်၏ဟုလည်း ဆုံးဖြတ်နိုင်ခဲ့ပါ၏။ ဤသို့လျှင် အလို လောဘကြောင့် အမှားမကင်းနိုင်ကြသော ကျွန်ုပ်တို့လောကကြီးတွင် စကားရပ်ဟူသော ပညတ်တို့အပေါ် ယထာဘူတပညာမျက်စိဖြင့် အကာနှင့် အနှစ် ခွဲခြားသိနိုင်ကြပါစေ။

တောင်တွေ့လျှင် လမ်းဖောက်
မြစ်တွေ့လျှင် တံတားဆောက်

မြစ်ကိုမြင်လျှင် တံတားဆင်
ပြည်ခွင်သာဖို လမ်းခင်းစို့

အကြံပေးနာယက
မောင်ဆောက်လုပ်ရေး
အယ်ဒီတာချုပ်
ဦးဝဏ္ဏဇော်
(အမြဲတမ်းအတွင်းဝန်)
အတိုင်ပင်ခံအယ်ဒီတာ
ခရမ်းစိုးမြင့်
အုပ်ချုပ်မှုအယ်ဒီတာ
အောင်တင်(လက်ထောက်ညွှန်ကြားရေးမှူး)

အယ်ဒီတာ
အောင်ထက်
လူအောင်
စာပြင်
ဝင်းကြည်၊
တိုးအောင်
သတင်းထောက်
ကိုဖြိုး၊
ကျော်မိုးလွင်(ဓာတ်ပုံ)

ဒီဇိုင်းတာဝန်ခံ
ကိုဦး (K-Design Group)
ထုတ်ဝေသူ
ဦးဇော်မင်းသိန်း(ဒုတိယအတွင်းဝန်)-၆၆၆
(မြ - ၀၁၀၅၂)
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်
ပုံနှိပ်
ဦးအေးသိန်း
မြတ်ဝတ်ရည်လမ်း၊ ၂၉ ရပ်ကွက်၊

သုဝဏ္ဏ၊ သဃ်နံးကျွန်း
ဘိုးသိကြားအော့ဖ်ဆက် (၀၁၀၈၀)
ဖြန့်ချိရေး
အမှတ် (၉၀)၊ ၃၂ လမ်း
(အောက်ဘလောက်) ပန်းဘဲတန်းမြို့နယ်
ဆက်သွယ်ရန်
အမှတ် (၉၀)၊ ၃၂ လမ်း (အောက်ဘလောက်)
ပန်းဘဲတန်းမြို့နယ် ဖုန်း - ၃၇၅၉၇၃
ahlasinthujournal@gmail.com

ပြည်ထောင်စုဝန်ကြီးဦးရွှေလေး ဒလတံတားတည်ဆောက်ရေးစီမံကိန်းအတွက် IPC Girder ထုတ်လုပ်မှုနှင့် ချဉ်းကပ်တံတားတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးရွှေလေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေလ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီးပေါ်ရှိ ဒလတံတားတည်ဆောက်ရေးစီမံကိန်း Casting Yard ၌ ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားအတွက် IPC Girder များထုတ်လုပ်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပါသည်။

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ဒလတံတားတည်ဆောက်ရေးစီမံကိန်း၊ စီမံကိန်းစီမံခန့်ခွဲရေးအဖွဲ့ (PMU) အဖွဲ့ခေါင်းဆောင် တံတားဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို့နှင့် ကိုးရီးယားပညာရှင်များက ချဉ်းကပ်တံတားအတွက် အရှည် (၃၅)မီတာ၊ (၄၀)မီတာနှင့် (၄၅) မီတာ IPC Girder များထုတ်လုပ်နေမှု၊ လုပ်ငန်းခွင်သို့ သယ်ယူပို့ဆောင်မည့်အစီအစဉ်၊ လုပ်ငန်းခွင်သို့



ရောက်ရှိသည့် (Girder) ရက်မများအား Launching လွှန်းထိုးခြင်းနည်းပညာကို အသုံးပြု၍ ဆောင်ရွက်မည့် အခြေအနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြပါသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက Girder များသွန်းလောင်းရာတွင် အရည်အသွေး၊ စံချိန်စံညွှန်းစနစ်ကျနမှုကိုတွေ့ရှိရပါကြောင်း ၊ လုပ်ငန်းခွင်တွင် အဆိုပါ Girder များတပ်ဆင်ရာ၌ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားအပိုင်းသည် မြို့တွင်းလူစည်ကားသည့်နေရာဖြစ်သည့်အတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေး အထူးဂရုပြုဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒလတံတား တည်ဆောက်ရေးစီမံကိန်း၊ ရန်ကုန်ဘက်ခြမ်းရှိ ချဉ်းကပ်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး Abutment (A2)၊ တိုင်အမှတ်(၃၂) နှင့် (၃၁)တွင် Launching လွှန်းထိုးခြင်းနည်းစနစ်ဖြင့် Girder ရက်မများတင်နိုင်ရေးအတွက် Launching Arm စတင်တပ်ဆင်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များ မှာကြားပါသည်။

ဒလတံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတား (Cable Stayed Bridge) အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်(၆၁၄၄)ပေ၊ ပင်မတံတားအရှည်(၁၉၃၆)ပေ၊ ချဉ်းကပ်တံတား (ရန်ကုန်ဘက်ကမ်း) (၂၀၂၆)ပေ၊ (ဒလဘက်ကမ်း)(၂၁၈၂)ပေ၊ ပင်မတံတားအကျယ်(၈၇)ပေ (ယာဉ်လေးလမ်းသွား)၊ ချဉ်းကပ်တံတားအကျယ်(ရန်ကုန်ဘက်ကမ်း)(၄၇) ပေ၊ (ဒလဘက်ကမ်း) (၆၈)ပေ၊ ရန်ကုန်ဘက်ကမ်းဆင်ခြေလျောတံတားများအကျယ်(၂၃)ပေ (ယာဉ်တစ်လမ်းသွား)ဖြစ်ပြီး တံတားအောက် ရေလမ်းကင်းလွတ်အကျယ်(၃၇၀)မီတာ၊ အမြင့်(၄၉)မီတာ၊ တံတားခံနိုင်ဝန်မှာ (၇၅)တန်ဖြစ်ပါသည်။

ဒလတံတားကြီး တည်ဆောက်ပြီးစီးပါက ယခုလက်ရှိရန်ကုန်မြို့တွင် ကြုံတွေ့နေရသည့် ယာဉ်ကြောပိတ်ဆို့ ကျပ်တည်းမှုကိုလည်း အတိုင်းအတာတစ်ခုထိ လျော့ပါးသက်သာသွားမည်ဖြစ်ပြီး အမြင်နီးသော်လည်း ခရီးဝေးခဲ့ရသည့် ဒလမြို့နယ်အပါအဝင် ရန်ကုန်အနောက်ဘက် ကမ်းဒေသများပါဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုများသွက်လက်မြန်ဆန်လာကာ လူမှုစီပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

MNG

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့အစည်းအဝေး တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များ ရွေးချယ်နိုင်ရေးကျင်းပ

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တတိယသက်တမ်းအတွက် ကောင်စီဝင်အသစ်များ ရွေးချယ်နိုင်ရေးအတွက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့ အစည်းအဝေးကို ဧပြီလ ၃၀ ရက် နံနက်(၀၉း၃၀)နာရီတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ခရေပင်လမ်း၊ အမှတ် (၅/က) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများဖြစ်ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးအေးမြင့်၊ ဒေါက်တာညီလှငယ်၊ ဒေါက်တာဝင်းမြင့် ၊ ဦးဟံစိန်၊ ဒေါက်တာစိန်မြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီ နာယက၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်



စုဝန်ကြီး ဦးရွှေလေးက အမှာစကား ပြောကြားရာတွင် ယနေ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့အစည်းအဝေးနှင့် ကောင်စီဝင်အသစ် ပဏာမရွေးချယ်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကကြီးများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သည့်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နာယကကြီးများနှင့် တွေ့ဆုံဆွေးနွေးပြီး နာယကကြီးများနှင့် ဥက္ကဋ္ဌများအဆက်ဆက် ရည်မှန်းချက်ဖြစ်သော မြန်မာနိုင်ငံ၏ Professional Level အင်ဂျင်နီယာပညာရေးကို အာဆီယံဒေသအတွင်းနှင့် အာရှပစိဖိတ်ဒေသမှ အသိအမှတ်ပြုရေးတို့အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ ဝါရင့်ပညာရှင်ကြီးများ၏ ပူးပေါင်းပါဝင်မှုအင်အားကိုရယူလျက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကောင်စီ၏ ရည်မှန်းချက်များအောင်မြင်စေရေးအတွက် ညီညွတ်စွာနှင့်ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ အင်ဂျင်နီယာကျင့်ဝတ်သိက္ခာများကို အစဉ်စောင့်ထိန်းလိုက်နာပြီး မြန်မာနိုင်ငံအင်ဂျင်နီယာပညာရှင်လောက၏ ပုံရိပ် ကောင်းမွန်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုပါကြောင်း၊ နိုင်ငံတော်

စာမျက်နှာ (၁၅)သို့ ➡

ဒုတိယဝန်ကြီးဦးဝင်းဖေ နေပြည်တော်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ Mini Lab သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား





ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဝင်းဖေသည် ဧပြီလ ၂၇ ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) ခန်းမဆောင်သို့ရောက်ရှိပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ဖွင့်လှစ်သည့် Mini Lab သင်တန်းဖွင့်ပွဲအဖွင့်အမှာစကား ပြောကြားပါသည်။

ဒုတိယဝန်ကြီးက ယခု Mini Lab သင်တန်းသို့ သင်တန်းတက်ရောက်လာသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသား/သင်တန်းသူများအနေဖြင့် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေးပြည့်မီမှု ရှိ/မရှိ Concrete Strength များ ပြည့်မီမှု ရှိ/မရှိတို့ကို ခွဲခြားစိစစ်နိုင်ခြင်းသည် အရေးကြီးလုပ်ငန်းဖြစ်ကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်ရန်ပုံငွေလျာထား၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း Mini Lab များ ဖြန့်ခွဲထားရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ (Research and Development Center) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (နေပြည်တော်) အား ယခုစတင်ဖွင့်လှစ်ခဲ့ခြင်းဖြင့် မြေနမူနာများစမ်းသပ်ရန် Soil Lab တွင် မြေစမ်းစက် (၈)ခု ဝယ်ယူထားရှိပြီး ဖြစ်ကြောင်း၊ တည်ဆောက်ပြီး တံတားများ၏ အရည်အသွေးအား Non Destructive Test စစ်ဆေးခြင်း၊ Bore Pile များ၏ အရည်အသွေးဆိုင်ရာ SIT-Test စစ်ဆေးခြင်း၊ ကွန်ကရစ်အရည်အသွေးစမ်းသပ်စစ်ဆေးခြင်းစသည့် လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံတော်က ဘဏ္ဍာနှစ်အလိုက် ဝယ်ယူခွင့်ပြုပြီးဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန် လိုအပ်မှာဖြစ်ကြောင်း၊ Lab စမ်းသပ်ခြင်း၏ အကျိုးကျေးဇူးအနေဖြင့် လုပ်ငန်းများတွင် အရည်အသွေးပြည့်မီသော လုပ်ငန်းသုံးပစ္စည်းများ အသုံးပြုနိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာပြီး ခိုင်ခံ့သော လမ်း၊ တံတား Design များရေးဆွဲနိုင်ခြင်းနှင့် ဒေသထွက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးဖြင့် Mix Design တွက်ချက်၍ ခံနိုင်ဝန်ပြည့်မီသော လမ်း၊ တံတားများ တည်ဆောက်နိုင်မှာဖြစ်ကြောင်း စသည်ဖြင့်ပြောကြားပြီး ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်း သင်တန်းတက်ရောက်မည့် သင်တန်းသား/သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကြပါသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်ရှိ (Research and Development Center) သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (နေပြည်တော်) သို့ရောက်ရှိ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဦးဝိုးထွန်းနိုင်က သုတေသန လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအား Power Point ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိဂုံးတော်၏ ပကတိလိုအပ်ချက်နှင့်ကိုက်ညီပြီး ကုန်ကျစရိတ်သက်သာ၍ အရည်အသွေးမြင့်မားသော လမ်း၊ တံတားများအား ကျေးလက်ဒေသအတွက် တည်ဆောက်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်ရန်လိုကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် ခေတ်၊ စနစ်နှင့်အညီ နည်းပညာများအား စဉ်ဆက်မပြတ် သုတေသနပြုဖော်ထုတ်၍ သုတေသနရလဒ်များအား တည်ဆောက်ရေးလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ရေး အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားပါသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဓာတ်ခွဲစမ်းသပ်ခန်းများအလိုက် သင်ကြားပြသနေမှုများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ စမ်းသပ်အသုံးပြုပုံများအား လိုက်လံကြည့်ရှုပြီး ပုဂ္ဂလိကကက္ကများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်ပကုမ္ပဏီများ ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများအတွက်ပါ ဓာတ်ခွဲစမ်းသပ်မှုနှင့် သုတေသနပြုခြင်းလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

Rotary Blue

ဒုတိယဝန်ကြီး ဦးဝင်းဖေ ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် သံတွဲ-ဂွ-ငါးသိုင်းချောင်းလမ်းနှင့် ဂွချောင်းတံတားတည်ဆောက်နေမှုတို့အား ကြည့်ရှုစစ်ဆေး





ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဝင်းဖေသည် တာဝန်ရှိသူများ လိုက်ပါလျက် မေလ ၈ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့မှတစ်ဆင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ရေကြည်မြို့သို့လည်းကောင်း ၊ ၄င်းမှတစ်ဆင့် ဂျပန်နိုင်ငံ JICA ချေးငွေဖြင့် ဆောင်ရွက်သည့် သံတွဲ-ဂွ-ငါးသိုင်းချောင်းလမ်း (ငါးသိုင်းချောင်း (ရေနံ့သာ) -ဂွလမ်းပိုင်း) (၁၈)မိုင်(၄)ဖာလုံရှိ လမ်းစခန်းရှင်းလင်းဆောင်သို့ ရောက်ရှိ၍ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လမ်းဘေးဝဲယာ လမ်းနယ်နိမိတ်သတ်မှတ်ချက်ပြည့်မီအောင် ဆောင်ရွက်ရန်၊ ခရီးသွားယာဉ်များ ဘေးကင်းလုံခြုံမှုအတွက် တောင်တက်အကွေ့ မြေထိန်းနံရံများ ဆောင်ရွက်ထားသည့် နေရာများတွင် လမ်းညွှန်အမှတ်အသားများ တပ်ဆင်ရန်တို့အား လမ်းညွှန်မှာကြားပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပူးပေါင်းဆောင်ရွက်သည့် ရွှေသောင်ယံ-မကျီးဇင်-ကျောက်ခွန်-ဂွလမ်းအပိုင်းအား လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပါသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ကြက်သွန်ကွင်း-သဲဖြူ-မကျီးဇင်လမ်းအား လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးပါသည်။

အဆိုပါလမ်းသည် သာပေါင်းမြို့နယ်၊ ကြက်သွန်ကွင်းကျေးရွာမှ ပုသိမ်မြို့နယ်၊ မကျီးဇင်ကျေးရွာ၊ ပင်လမ်းကမ်းခြေရွာထိ စုစုပေါင်း (၄၂) မိုင်ရှည်သော ကမ်းခြေပတ်လမ်းဖြစ်ပါသည်။ မကျီးဇင်ကျေးရွာမှ ကျောက်ခွန်တံတား (ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်နယ်စပ်)အထိ (၈)မိုင် (၄)ဖာလုံခန့်သာ ကွာဝေးပြီး ရခိုင်ပြည်နယ်၊ ဂွမြို့သို့ ဆက်သွယ်သွားရောက်နိုင်ပါသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဂွမြို့၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေး (၂)၊ တံတားအထူးအဖွဲ့(၈)မှ တာဝန်ယူတည်ဆောက်နေသည့် ဂွချောင်းတံတားစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက တံတားတည်ဆောက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ လက်ရာသေသပ်ကောင်းမွန်ရေးနှင့် သတ်မှတ်ချိန် အချိန်မီပြီးစီးရေးတို့အား အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားပါသည်။ ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဂွမြို့မှ သံတွဲမြို့သို့ ဂွ-သံတွဲ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

Rotary Blue

ဒုတိယဝန်ကြီး ဦးမင်းထိန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦဦးစီးဌာန၊ သုတေသနဓာတ်ခွဲခန်းများနှင့် မြို့ပြအိမ်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ဧပြီလ ၂၆ရက် နံနက်ပိုင်းတွင် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦ သုတေသနဓာတ်ခွဲခန်းများရုံး (ရန်ကုန်)၊ အစည်းအဝေးခန်းမသို့ရောက်ရှိရာ အဆောက်အဦဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဒေါ်ခင်ခင်ဌေးက ဓါတ်ခွဲခန်းသုံးပစ္စည်းများပြင်ဆင်ထားရှိမှု၊ ISO လက်မှတ်ရရှိအောင် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် လက်ရှိဝန်ထမ်းအင်အား စာရင်းများကိုလည်းကောင်း၊ တည်ဆောက်ရေး (၁)၊ အဆောက်အဦ အထူးအဖွဲ့ (၂)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ဦးမြဝင်းက မြန်မာ-ကိုရီးယားဆောက်လုပ်ရေး ပစ္စည်းစမ်းသပ်စစ်ဆေးရေး အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေများကို လည်းကောင်း Power Point ဖြင့် အသီးသီးရှင်းလင်းတင်ပြခဲ့ရာ အဆောက်အဦဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြပါသည်။

ဒုတိယဝန်ကြီးက အဆောက်အဦဦးစီးဌာနသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လာပါကြောင်း၊ နိုင်ငံတော်၏အထင်ကရ အထပ်မြင့် အဆောက်အအုံများကို ဆောက်လုပ်ရန်အတွက် တာဝန်ပေးအပ်ခြင်းခံရပါကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်း/ပြည်ပ သင်တန်းများတက်ရောက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့်ကိုက်ညီသည့် နည်းပညာများစည်ဆက်မပြတ်လေ့လာသင်ယူ၍ ဌာနအတွက်ကြိုးကြိုးစားစားဆောင်ရွက်သွားရန်နှင့် ဓါတ်ခွဲခန်းသုံးပစ္စည်းများ အမြဲကောင်းမွန်ရန်လိုအပ်ပါကြောင်း၊ ဌာနတွင်း၌ လုပ်ငန်းအတွေ့အကြုံများ နှီးနှောဖလှယ်သည့် Knowledge Sharing Program ကို ဆောင်ရွက်သွားရန် တာဝန်ရှိသူတို့အားမှာကြားပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦဦးစီးဌာန၏ ISO / IEC 17025: 2017 ရှိပြီးဖြစ်သော ဘိလပ်မြေ၊ သဲနှင့်ကွန်ကရစ် Laboratories ခန်းအတွင်းရှိ ဓါတ်ခွဲခန်းများနှင့် မြန်မာ-ကိုရီးယား ဆောက်လုပ်ရေးပစ္စည်း စမ်းသပ်စစ်ဆေးရေးအဆောက်အအုံတို့အား ကြည့်ရှုစစ်ဆေးပါသည်။

ဒုတိယဝန်ကြီး ဦးမင်းထိန်နှင့်အဖွဲ့သည် ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင်လည်း ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ပြည်သူ့အဉာဏ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်တွင် အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းအခက်အခဲများ ဖြေရှင်းညှိနှိုင်းဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပါသည်။

အဆိုပါအစည်းအဝေးခန်းမတွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်က ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် တည်ဆောက်လျက်ရှိသော ပြည်သူ့အဉာဏ်ရာစီမံကိန်း လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ အခြေခံအဆောက်အအုံပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်၊ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် (မြို့ပြ/ရေသန့်/လျှပ်စစ်)အစီအစဉ်များကို လည်းကောင်း၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးခင်ဇော်က အိမ်ရာစီမံကိန်းတွင် ပြင်ပရေပေးဝေရေး (External Water Supply distribution Pipe Network) လုပ်ငန်းနှင့်ဆက်စပ်သော ရေသန့်ဆိုင်ရာလုပ်ငန်းများအခြေအနေ၊ စီမံကိန်းဧရိယာအတွင်း Clear Water Tank အရောက်ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းဆောင်ရွက်မည့် လျာထားချက်များကိုလည်းကောင်း Power Point ဖြင့် အသီးသီးရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်တို့အား အသီးသီးရှင်းလင်းတင်ပြကြပါသည်။

ဌင်းနောက် အစည်းအဝေးသို့တက်ရောက်လာသူများက ပြည်သူ့အဉာဏ်ရာ စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြမှုတို့အပေါ် ဒုတိယဝန်ကြီးက ပြည်သူ့အဉာဏ်ရာစီမံကိန်းအား ကိုဗစ်-၁၉ ကာလစီးပွားရေးကုစားမှု အစီအစဉ်အရ ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ နေထိုင်မှုအတွက် တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ပြည်သူ့အဉာဏ်ရာများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ လက်ရှိလုပ်ငန်းအတွေ့အကြုံများမှ အိမ်ရာကဏ္ဍတွင် ပိုမိုကောင်းမွန်သော နည်းလမ်းများဖြင့် ခေတ်စနစ်နှင့်ကိုက်ညီသည့် အိမ်ရာများတည်ဆောက်သွားရန်၊ ရန်ကုန်တိုင်းဒေသကြီး၏ ပြည်သူများနေထိုင်မှု အဆင်ပြေစေရန်အတွက် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အိမ်ရာစီမံကိန်းတည်ဆောက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

လင်းအောင်





တောင်တွေ့လျှင် လမ်းဖောက်
မြစ်တွေ့လျှင် တံတားဆောက်

မြစ်ကိုမြင်လျှင် တံတားဆင်
ပြည်ခွင်သာဖို့ လမ်းခင်းစို့

ခုနစ်ရက်သားသမီးများနှင့် ဂျစ်နီဟောစာတမ်း

၁၁ - ၅ -၂၀၂၂ ရက်မှ ၂၄ - ၅ - ၂၀၂၂ ရက်အထိ

ဇေယျာမိုး (ဝေဒဗိမာန်)



တနင်္ဂနွေ



တနင်္လာ



အင်္ဂါ



ဗုဒ္ဓဟူး



ရာဟု



ကြာသပတေး



သောကြာ



စနေ

အလုပ်အကိုင် အခွင့်အလမ်းများ အထူးကံကောင်းလာရလိမ့်မည်။ ငယ်ရွယ်သူများ အနေဖြင့် အချစ်ရေးတွင်စန်းပွင့်နေလိမ့်မည်။ အပျော်အပါးများနေမိလိမ့်မည်။ နေအိမ်မှာမနေဖြစ်ဘဲ လမ်းများနေရလိမ့်မည်။ အိမ်ထောင်သည်များ အသွားအလာအနေအထိုင် အထူးသတိထားသင့်သောကာလ ဖြစ်ပါသည်။ ချောင်ပိတ်မိပြီး ဂုဏ်သိက္ခာကျဆင်းရတတ်သည်။ ကျန်းမာရေးအနေဖြင့် ဒေါင်ဒေါင်မြည် ကောင်းနေတတ်သော်လည်း အစားမှားတာ၊ အစာအဆိပ်သင့်တာမျိုးတွေ ဖြစ်ရတတ်လို့ သတိထားသင့်ပါသည်။

➢ နေအိမ်ဘုရားတွင် မီးသီး (၉)လုံး ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

ယ်ရွယ်သူများ အိမ်ထောင်ရေးကိစ္စကြုံရလိမ့်မည်။ အနေနီးပြီးသံယောဇဉ်ငြိတွယ်မိလိမ့်မည်။ စိတ်အပြောင်းအလဲ မြန်နေလိမ့်မည်။ ကြီးကဲသူများနှင့်ပတ်သက်ပြီး အထင်အမြင်မှားတာ၊ အပြောအဆိုများတာမျိုးတွေ ကြုံနေရလိမ့်မည်။ ဝန်ထမ်းများအနေဖြင့် အလုပ်အတွက် ခရီးထွက်ရလိမ့်မည်။ ကြီးကဲသူများနှင့်လိုက်ပါရတာမျိုးလည်း ဖြစ်နိုင်ပါသည်။ ရေလမ်းခရီးသွားမိရင်တော့ ရေနစ်ရတာ၊ ရေမွန်းရတာ၊ ရေချိုးမှားရတာမျိုးတွေ ကြုံကြရလိမ့်မည်။ ကျန်းမာရေးက အထူးကောင်းနေသော်လည်း အူလောင်တာ၊ အနာဟောင်းပြန်ပေါ်တာမျိုးတွေ ဖြစ်ရလိမ့်မည်။

➢ နေအိမ်ဘုရားတွင် အုန်းသီး ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

အဟောင်းကိစ္စများမှ အခွင့်အလမ်းကောင်းများ ပြန်ရရှိလာတတ်သော အချိန်ကာလ ဖြစ်ပါသည်။ အမွေအနှစ်ရတာ၊ ထီပေါက်ရတာမျိုးတွေ ကြုံကြရလိမ့်မည်။ ရည်စားဟောင်း၊ ငယ်သူငယ်ချင်းဟောင်းများကြောင့် ကြည်နူးဝမ်းသာဖြစ်နေရလိမ့်မည်။ လက်အောက်ငယ်သား၊ သက်ကြီးရွယ်အိုများနှင့် ပတ်သက်ပြီး စိတ်မကောင်းစရာအဖြစ်အပျက်များကို တွေ့ကြုံရနိုင်ချိန်ဖြစ်တာကြောင့် အထူးသည်းခံနေပါ။ နိုင်ငံရပ်ခြားသွားရန်အတွက် ကံကောင်းနေရပါလိမ့်မည်။ အနာဟောင်းများပြန်ပေါ်လာတတ်ပါသည်။

➢ နေအိမ်ဘုရားတွင် ဒန်ပေါက်၊ ထောပတ်ထမင်း ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

ငယ်ရွယ်သူများအနေဖြင့် မိမိနှင့်အတူနေသူ၊ ကြောက်ရသောသူများ ခရီးသွားတာမျိုးကြောင့် လွတ်လပ်သောဘဝ အခြေအနေတစ်ရပ်ကို ရောက်ရှိနေရပါလိမ့်မည်။ အိမ်ထောင်သည်များအနေဖြင့် အလုပ်ကိစ္စဖြင့် ခရီးထွက်ရပါလိမ့်မည်။ ဝန်ထမ်းများအနေဖြင့် မိမိလက်ရှိယူထားသောဝန်အပြင် အခြားသောအလုပ်ကိစ္စများကိုပါ ပူးတွဲတာဝန်ယူပေးရလိမ့်မည်။ ဦးခေါင်းဖြစ်စေ၊ မျက်နှာတွင်ဖြစ်စေ မတော်တဆထိခိုက် ဒဏ်ရာရတတ်လို့ သတိထားသင့်ပါသည်။ မိခင်ဖြစ်စေ၊ ကြီးတော်ဖြစ်စေအတွက် စိတ်သောကများနေရလိမ့်မည်။

➢ နေအိမ်ဘုရားတွင် သကြားဆွမ်း ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

နိုင်ငံရပ်ခြားရောက်နေသော သူငယ်ချင်းမိတ်ဆွေများဖြစ်စေ၊ နိုင်ငံခြားသားများနှင့် ဖြစ်စေ လုပ်ငန်းတွဲဘက်လုပ်ဆောင်ကြရလိမ့်မည်။ ငွေကြေးအခက်အခဲတွေရှိနိုင်သော်လည်း မကြာမီ အဆင်ပြေသွားကြရပါလိမ့်မည်။ ကြီးကဲသူများကြောင့် အလုပ်အကိုင်တွင် အဆင်မပြေဖြစ်နေလိမ့်မည်။ မနိုင်ဝန်ထမ်းနေရပြီး အပူအပင်များနေရလိမ့်မည်။ အပူပြင်းပြီး ဗျာန်းနာရတာမျိုး၊ အဖုအပိန့်များထွက်လာရတာမျိုးတွေ ဖြစ်ရပါလိမ့်မည်။ နေ့ပူထဲမထွက်ပါမှ ကျန်းမာရေး ကောင်းနေမည်။

➢ နေအိမ်ဘုရားတွင် ဩဇာသီး၊ အုန်းထမင်းဖြစ်စေ ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

အတတ်ပညာသင် ယူသူများအတွက် ဆရာသမားကောင်းရရှိတတ်သော အချိန်ကာလဖြစ်ပါသည်။ ထီပေါက်ရတာ၊ ကံစမ်းမဲပေါက်ရတာမျိုးတွေ ကြုံကြရပါလိမ့်မည်။ နိုင်ငံခြားနှင့် ဆက်သွယ်လုပ်ကိုင်နေသူများအနေဖြင့် လက်ဖျားငွေသီးနေလိမ့်မည်။ အပေါင်းအသင်းများတတ်သောကြောင့် အထူးသတိထားပေါင်းသင်းသင့်ပါသည်။ အထူးသဖြင့် လှပသော၊ သွက်လက်သော၊ ရဲတင်းသော အမျိုးသမီးများကြောင့် အိမ်ထောင်ရေး၊ စီးပွားရေးများ ပျက်ပြားရတတ်တာကြောင့် အထူးသတိထားသင့်ပါသည်။

➢ နေအိမ်ဘုရားတွင် ပဲနို့ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

အစားကောင်း၊ သောက်ကောင်းများ စားသောက်နေရပါလိမ့်မည်။ အထူးသဖြင့် လူလွတ်များ သေချာပေါက်အိမ်ထောင်ရေးကိစ္စကြုံရပါလိမ့်မည်။ ခရီးကောင်းများ သွားရောက်ရပါလိမ့်မည်။ ဘုရားဖူး ခရီးမျိုးသွားဖြစ်ခဲ့ပါက ခရီးသွားပြီးပြန်ရောက်ချိန်တွင် ထီပေါက်ရပါလိမ့်မည်။ အိမ်ထောင်သည်များအနေဖြင့် ငယ်ရွယ်သူများ၏ အတွန်းအတိုက်စကားများကို နားမယောင်မိပါစေနှင့်။ ကြီးကဲသူများ၏ ကာမဂုဏ်ဆွယ်မှုကို ရှောင်ရှားနိုင်မှ ကံကောင်းလာပါလိမ့်မည်။

➢ နေအိမ်ဘုရားတွင် ဒန်ပေါက် ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

ထီပေါက်တာ၊ အမွေရတာ၊ ကံစမ်းမဲပေါက်တာမျိုးတွေ ကြုံလာရပါလိမ့်မည်။ အကျိုးတူစပ်တူလုပ်သူများ အထူးကံကောင်းအောင်မြင်လာရပါလိမ့်မည်။ လူလွတ်များသေချာပေါက် အိမ်ထောင်ရေးကိစ္စများတွင် မယှဉ်ဖြစ်သေးဘဲ အတူနေမိကြပါလိမ့်မည်။ အိမ်ထောင်သည်များ အနေဖြင့် ငွေရေးကြေးရေး အမှားအယွင်း ကြုံရတတ်လို့ သတိထားပါ။ ငယ်ရွယ်သူများ အနေဖြင့် အချစ်ရေးအတွက် ခိုက်ရန်ဖြစ်ရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ထွေထွေထူးထူး အဖျားအနာမရှိသော်လည်းထိခိုက် ဒဏ်ရာရတတ်ပါသည်။

➢ နေအိမ်ဘုရားတွင် နှင်းဆီပန်း ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

သိပ္ပာ သမံ ခနံ နတိ* (ဖုန်း-၀၉-၄၂၀-၂၇၄၁၀၈)

အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေသော အချိန်အခါများ

၁၁ - ၅ -၂၀၂၂ ရက်မှ ၂၄ - ၅ - ၂၀၂၂ ရက်အထိ

ဆရာဇေယျာမိုး (ဝေဒဗိမာန်)

လူတစ်ယောက်အတွက်ကံကောင်းပြီး လုပ်သမျှအဆင်ပြေနေတဲ့ အချိန်အခါဆိုတာရှိသလို လုပ်တိုင်းအဆင်မပြေဖြစ်ရပြီး ကံဆိုးမိုးမှောင်ကျရတဲ့ အချိန်အခါလည်းရှိပါတယ်။ ဒီတော့သင့်အနေနဲ့ ကံကောင်းတဲ့အချိန်မှာ မိမိလုပ်ချင်တဲ့အလုပ်တွေကိုလုပ်ပြီး ကံမကောင်းအဆင်မပြေတဲ့အချိန်အခါမှာ လုပ်ငန်းတွေမလုပ်ဘဲ သတိထားရှောင်ကြဉ်နေထိုင်မယ်ဆိုရင်တော့ အဆင်မပြေတာတွေမတွေ့ရဘဲ အဆင်ပြေ အောင်မြင်မှုတွေရရှိပါလိမ့်မယ်။ ဒါကြောင့် မိမိတစ်သက်တာလုံးနေထိုင်ရမယ့် နေအိမ်၊ တိုက်တာတစ်လုံး ဆောက်လုပ်မယ်ဆိုရင်တော့ ကံကောင်းပြီး လုပ်သမျှအဆင်ပြေနိုင်မယ့် ကွန်ပုတင်ပြပေးထားတဲ့ အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေသော အချိန်အခါများမှာ လုပ်ကြည့်ပါလို့ တိုက်တွန်းပေးလိုက်ရပါတယ်။

(၁) မြေကွက်ဝယ်ယူသင့်သောနေ့

၁၂၊ ၅၊ ၂၀၂၂ (ကြာသပတေးနေ့)
၂၁၊ ၅၊ ၂၀၂၂ (စနေနေ့)
၂၃၊ ၅၊ ၂၀၂၂ (တနင်္လာနေ့)

စရန်ငွေပေးချေရာတွင်လည်းကောင်း၊ ငွေအကြေပေးချေရာတွင်လည်းကောင်း အထက်ပါနေ့ရက်များတွင် ပြုလုပ်ခြင်းဖြင့် အောင်မြင်ပြီးမြောက်သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်-အိမ်မပါသော မြေကွက်အလွတ်ဖြစ် စေ၊ နေမရတော့သော နေအိမ်ပါသောမြေကွက်ဖြစ် စေ၊ အိမ်အသစ်ဆောက်လုပ်နေထိုင်ရန် ဝယ်ယူရာ တွင်ဖြစ်စေ ဤရက်များကို အသုံးပြုရပါမယ်။)

(၂) အိမ်ဝယ်ယူသင့်သောနေ့

၁၉၊ ၅၊ ၂၀၂၂ (ကြာသပတေးနေ့)

စရန်ငွေပေးချေရာတွင်လည်းကောင်း၊ ငွေအကြေပေးချေရာတွင်လည်းကောင်း အထက်ပါနေ့ရက်တွင် ပြုလုပ်ခြင်းဖြင့် အောင်မြင်ပြီးမြောက်သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်- မိမိအဆင်သင့် တက်ရောက်နေထိုင်ရန်အတွက်ဝယ်ယူသော နေအိမ်၊ တိုက်ခန်းများ အားဝယ်ယူရာတွင် ဤရက်ကိုအသုံးပြုရပါမယ်။)

(၃) အဆောက်အအုံ ဖြိုဖျက်သင့်သောနေ့

၁၁၊ ၅၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)
၁၈၊ ၅၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)

အိမ်ဟောင်းဖြစ်စေ၊ တိုက်ဟောင်းဖြစ်စေ၊ အဆောက်အအုံ ဟောင်းဖြစ်စေ အထက်ပါနေ့ရက်တွင်ဖြိုဖျက်ခြင်းဖြင့် အောင်မြင်ပြီးမြောက်သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက် - အဆောက်အအုံဖျားဖြိုဖျက်ရာတွင် ဤရက်များကို အသုံးပြုရပါမယ်။)

(၄) အဆောက်အအုံသစ် စတင်ဆောက်သင့်သောနေ့

၁၂၊ ၅၊ ၂၀၂၂ (ကြာသပတေးနေ့)
၁၃၊ ၅၊ ၂၀၂၂ (သောကြာနေ့)
၁၄၊ ၅၊ ၂၀၂၂ (စနေနေ့)
၁၉၊ ၅၊ ၂၀၂၂ (ကြာသပတေးနေ့)
၂၁၊ ၅၊ ၂၀၂၂ (စနေနေ့)
၂၃၊ ၅၊ ၂၀၂၂ (တနင်္လာနေ့)

ပန်ကာရိုက်ခြင်း၊ အုတ်မြစ်ချခြင်းများကို အထက်ပါနေ့ရက်များတွင် ပြုလုပ်ခြင်းဖြင့်အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်- အဆောက်အအုံ အသစ်တစ်ခု စတင်ဆောက်လုပ်ရာတွင် ဤရက်များကို အသုံးပြုရပါမယ်။)

(၅) နေအိမ်၊ ဆိုင်ခန်းများပြုပြင် အလှဆင်သင့်သောနေ့

၁၂၊ ၅၊ ၂၀၂၂ (ကြာသပတေးနေ့)
၁၆၊ ၅၊ ၂၀၂၂ (တနင်္လာနေ့)
၁၉၊ ၅၊ ၂၀၂၂ (ကြာသပတေးနေ့)
၂၁၊ ၅၊ ၂၀၂၂ (စနေနေ့)

အခန်းအားပြုပြင်ရာတွင်လည်းကောင်း၊ အလှအပဆင်ရာတွင်လည်းကောင်း အထက်ပါနေ့ရက်များတွင်ပြုလုပ်ခြင်းဖြင့် အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်- အခန်းအားပြုပြင်ရာတွင်ဖြစ်စေ၊ အလှအပဆင်ရာတွင်ဖြစ်စေ အလုပ်စတင်လုပ်ကိုင်ရာတွင် ဤရက်များကိုအသုံးပြုရပါမယ်။)

(၆) အခန်းအပ်သင့်သောနေ့

၁၂၊ ၅၊ ၂၀၂၂ (ကြာသပတေးနေ့)
၁၉၊ ၅၊ ၂၀၂၂ (ကြာသပတေးနေ့)
၂၁၊ ၅၊ ၂၀၂၂ (စနေနေ့)

အိမ်သစ်ဖြစ်စေ၊ အခန်းသစ်ဖြစ်စေ အထက်ပါနေ့ရက်တွင် အပ်နှံခြင်းဖြင့် ဤအခန်းလက်ခံရရှိသူ ဟာအောင်မြင်ပြီးမြောက် သိဒ္ဓိရောက်ရပါလိမ့်မယ်။

(မှတ်ချက် - ကန်ထရိုက်မှ အခန်းရှင်အားအခန်းအပ်ရာတွင် ဤရက်ကိုအသုံးပြုရပါမယ်။)

(၇) အိမ်သစ်တက်၊ အိမ်ပြောင်းသင့်သောနေ့

၁၂၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၁၆၊ ၄၊ ၂၀၂၂ (တနင်္လာနေ့)
၂၁၊ ၅၊ ၂၀၂၂ (စနေနေ့)

အိမ်သစ်တက်ရာတွင်ဖြစ်စေ၊ အိမ်ပြောင်းရာတွင်ဖြစ်စေ အထက်ပါနေ့ရက်တွင် ပြောင်းရွှေ့နေထိုင်ခြင်းဖြင့် ဤအိမ်တွင် နေထိုင်သူဟာ အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်ရပါလိမ့်မယ်။

ဤရက်ပိုင်းအတွင်း ဘာပဲလုပ်လုပ် အကောင်းဆုံးရက်မှာ (၂၂၊ ၅၊ ၂၀၂၂) တနင်္ဂနွေ--နေ့ဖြစ်ပါသည်။

ယခုအပတ်အတွင်း ...

နဂါးဦးခေါင်းဟာ အနောက်အရပ်သို့လှည့်နေပြီး ဝမ်းကား မြောက်အရပ်၊ ကျောကား တောင်အရပ်၊ အမြီးကား အရှေ့အရပ်ဖြစ်နေသောကြောင့် အနောက်အရပ်မှ အရှေ့အရပ်သို့ အိမ်ပြောင်းခြင်းမပြုရပါ။

အိမ်ပြောင်းလိုပါက မိမိနေအိမ်၏မြောက်အရပ်မှတောင်အရပ်သို့ အရင်ပြောင်းသွားပြီးမှ မိမိပြောင်းလိုရာသို့ပြောင်းပါ။

ဤအချိန်အခါများကို အသုံးချရင်းလော ကကိုအလှဆင်သူများဖြစ်ကြပါစေ။ သိပ္ပာ သမံ ခနံ နတ္ထိ (ဖုန်း-၀၉-၄၂၀-၂၇၄၁၀၈)

ဒုတိယဝန်ကြီး ဦးဝင်းဖေ Oriental Highway Company မှ B.O.T စနစ်ဖြင့်ဆောင်ရွက်နေသည့် ရန်ကုန်-ပုသိမ်လမ်းနှင့် ၄င်းလမ်းတစ်လျှောက် လမ်းအသုံးပြုခကောက်ခံနေသည့် တိုးလ်ဂိတ်များအား ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများ လိုက်ပါလျက် မေလ ၇ရက် နေ့လယ်ပိုင်းတွင် Oriental Highway Company မှ B. O. T စနစ်ဖြင့် ဆောင်ရွက်နေသည့် ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင် (၆/၁)နှင့်(၆/၂)ကြားရှိ လမ်းစခန်း ရှင်းလင်း ဆောင်သို့ရောက်ရှိရာ ကုမ္ပဏီစီမံကိန်း ဒါရိုက်တာက နာဂစ်မုန်တိုင်းအလွန် ကာလများနောက်ပိုင်း လမ်းပြုပြင် ထိန်းသိမ်းမှုအခြေအနေနှင့် မိုင်တိုင် (၅/၄)မှ(၁၇/၄)ထိ (၁၂)မိုင် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ တိုးဂိတ်ကောက်ခံ နေမှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇော်မြင့်က ဖြည့်စွက်တင်ပြပါသည်။ ဒုတိယဝန်ကြီးက နေ့စဉ်ယာဉ်သွားလာမှု (AADT-Average Annual Daily Traffic) အရ ကုန်စည်စီးဆင်းမှု၊ ခရီးသွားယာဉ်များ သွားလာမှုနှင့် တိုးလ်ဂိတ်ကောက်ခံ ရရှိမှုအခြေအနေတို့အား စနစ်တကျဆောင်ရွက်ရန်၊ လမ်းများသက်တမ်းပြည့်မီစွာ အသုံးပြုနိုင်ရေးအတွက် သက်မှတ်ထားသည့် လမ်းခံနိုင်ဝန်ထက် ပိုမိုတင်ဆောင်သွားလာသည့် တန်ပိုယာဉ်များအား သက်မှတ်နှုန်းဖြင့် ဒဏ်ကြေးပေးဆောင်စေရန် လမ်းညွှန်မှာ ကြားပါသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်း မိုင်(၄၂/၆-၄၃/၀) နေရာရှိ လမ်းဦးစီးဌာန၊ ဗိုလ်မြတ်ထွန်းဂိတ် (လမ်း၊ တံတားအသုံးပြုခ ကောက်ခံရေးစခန်း)သို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားပါသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်း မိုင်(၈၆/၂)လမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး မိုင်(၇၄/၅-၉၆/၅) အတွင်း (၂၂)မိုင်အား လာမည့် ဘက္ကာရေးနှစ်တွင် Premix ဖြင့် ကတ္တရာလမ်း ပေါက်ဖာခြင်းနှင့် လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်မည့် အခြေအနေအား ညွှန်ကြားရေးမှူး ဦးရန်နိုင်ဇော်က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ၂၀၂၂-၂၀၂၃ခု၊ ဘက္ကာရေးနှစ်အတွက် မိုးရာသီကာလမတိုင်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် မိုးရာသီကာလအတွင်း ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ရမည့် လုပ်ငန်းဟူ၍ ခွဲခြားဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် လမ်းအထူးအဖွဲ့ (၃)ဖွဲ့နှင့် မအူပင်ခရိုင်၊ ပုသိမ်ခရိုင်များအနေဖြင့် ကြိုတင်ပြင်ဆင်ထားသည့် စီမံချက်များအတိုင်း ဟန်ချက်ညီစွာ စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

Rotary Blue

ကျန်တော်နှင့် ... ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ... ပဏ္ဍိုလ်များ ...

ကိုအောင်မင်းသိန်း ရေ . . .

မြို့ပြအင်ဂျင်နီယာဆိုတာကတော့ နိုင်ငံတစ်နိုင်ငံ၊ လူမှုအဖွဲ့အစည်း၊ လူ့လောကကြီးမှာ Infra-structure တွေကိုတည်ဆောက်တဲ့သူတွေကို မြို့ပြအင်ဂျင်နီယာတွေလို့ခေါ်တယ်လို့ ကြားဖူးပါတယ်။ Infrastructure တွေက ဘာတွေပါလဲဆိုတော့ လမ်၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံ၊ မီးရထားလမ်း၊ မြေအောက်မီးရထားလမ်းတွေနှင့် Elevated Hightways တွေ၊ shopping mall၊ ကုန်တိုက်ကြီးတွေ၊ ဆည်မြောင်းကြီးတွေ၊ ကွန်တိန်နာတွေပို့တဲ့ ဆိပ်ကမ်းကြီးတွေ၊ ဘူတာရုံကြီးများ၊ လေဆိပ်ကြီးများ၊ ဆေးရုံကြီးများ၊ စက်ရုံကြီးများ၊ ကောလိပ်ကြီးများ၊ တက္ကသိုလ်ကြီးများ၊ ဘဏ်ကြီးများ၊ စာကြည့်တိုက်ကြီးများ၊ ရုပ်ရှင်ရုံကြီးများ၊ အားကစားရုံကြီးများ၊ ဘုရားပုထိုးများ၊ နိုင်ငံ့ရဲ့တိုးတက်မှု ပြယုဒ်တွေအဖြစ် အဆောက်အအုံတွေဆောက်တာကို Infrastructure လို့ခေါ်တယ်။ အဲ့ဒါတွေဆောက်တဲ့သူကိုတော့ civil ပညာရှင်တွေလို့ခေါ်တယ်။

ဒီ Infrastructure တွေကို တည်ဆောက်တဲ့ဝန်ကြီးဌာနတွေကတော့ ကိုရာဇာတို့မြန်မာနိုင်ငံမှာ ဝန်ကြီးဌာန ၂၅ခုရှိတဲ့အထဲမှာတော့ ဥပမာ စက်မှုဌာန၊ လယ်ယာစိုက်ပျိုးရေးဌာနအောက်က ဆည်မြောင်းဌာနတို့၊ ပို့ဆောင်ရေးဌာနအောက်က မီးရထားတို့၊ ဆိပ်ကမ်းတို့၊ လျှပ်စစ်ဌာနက တာဝါ တိုင်ဆောက်တာတို့၊ ရေအားလျှပ်စစ်စက်ရုံကြီးတွေတည်ဆောက်တာတို့၊ ရေလွှဲဆည်ဆောက်တာတို့၊ ကာကွယ်ရေးဝန်ကြီးဌာနအောက်က တပ်မတော် အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့၊ စည်ပင်သာယာရေးမှာဆိုရင် ရန်ကုန်စည်ပင်၊ နေပြည်တော်စည်ပင်၊ မန္တလေးစည်ပင်တို့၊ ကိုရာဇာတို့ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့လည်းပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှာဆိုရင် ဦးစီးဌာန ငါးခုရှိပါတယ်။ ကျေးလက်ဦးစီး၊ လမ်းဦးစီး၊ တံတားဦးစီး၊ အိုးအိမ်ဦးစီး၊ အဆောက်အဦဦးစီး ဟူ၍ရှိပါတယ်။ အဲ့ဒီဦးစီးဌာန၅ခုမှာ မြို့ပြအင်ဂျင်နီယာကြီးတွေရှိကြပါတယ်။

ကိုအောင်မင်းသိန်းရေ . . .


အထက်ကတင်ပြခဲ့သလိုပဲ နိုင်ငံတစ်နိုင်ငံအတွက် Infrastructure တွေကို တည်ဆောက်ခဲ့ရာ မှာ ဥပမာလမ်းအသစ်တွေ၊ တံတားအသစ်တွေ၊ လေယာဉ်ကွင်းအသစ်တွေတည်ဆောက်ရာမှာ အဲ့ဒီခေတ်ရဲ့တာဝန်ယူနေရတဲ့ ယခုအစိုးရရဲ့ စီမံကိန်းချမှတ်တဲ့ အုပ်ချုပ်မှုဆိုင်ရာအဓိန့်တွေ၊ ဘက္ကာရေးဆိုင်ရာ ခွင့်ပြုအဓိန့်တွေနဲ့လည်း ဆိုင်ပါတယ်။ အဲ့ဒီမှာဆောင်ရွက်တဲ့ မြို့ပြအင်ဂျင်နီယာအစုအဖွဲ့တွေကတော့ အဲ့ကာလ အဲ့ဒေသမှာရှိတဲ့ အင်ဂျင်နီယာတွေစုဖွဲ့ပြီး ကျွမ်းကျင်တဲ့လုပ်သားတွေ စက်ယန္တယားတွေပါဝင်ပြီး အင်ဂျင်နီယာတွေ ကြီးစဉ်ငယ်လိုက် တာဝန်တွေခံတွေအဖြစ် ဒီ Infrastructure တွေကို ဆောင်ရွက်ကြရတယ်။ ဥပမာအားဖြင့် ကြံခင်းဘိလပ်မြေစက်ရုံတည်ဆောက်ရာမှာ ဒုဝန်ကြီးငြိမ်း ဦးတင့်ဆွေတို့၊ သုဝဏ္ဏအားက စားရုံကြီးတည်ဆောက်ရာမှာ ဆရာဦးနေစိုးနိုင်တို့၊ ရန်ကုန်မြို့က ပြည်သူ့လွှတ်တော်တည်ဆောက်ရာမှာ ဆရာဦးဖေသန်းတို့၊ မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်ဆောက်တဲ့ ဆရာဦးစံဖေတို့၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကြီး မြေကြီးလုပ်ငန်းတိုးချဲ့တာ ဆရာဦးစန်းလွင်တို့၊ အမ်း လေယာဉ်ကွင်းကို တည်ဆောက်တာ ဦးကျော်လှိုင်တို့၊ ကော့သောင်းလေယာဉ်ကွင်းဆောက်တဲ့ ဦးထွန်းပေါ်တို့၊ ပုသိမ်လေယာဉ်ကွင်းကို တည်ဆောက်တာ ဦးသိန်းဇော်တို့၊ ခန္ဓီးလေယာဉ်ကွင်း ကိုတည်ဆောက်တာ ဦးဝင်းလွင်တို့၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း (တံတားဦး)တည်ဆောက်သူ ဆရာဦးဘွန်ကြည်၊ ရန်ကုန်-စစ်တွေလမ်းဖောက်တဲ့ ဆရာဦးကျော်တင့်တို့၊ တောင်ကြီးမြို့အတက်လမ်း အဆင်းလမ်းတည်ဆောက်တာ ဆရာဦးဇော်ဝင်း၊ ရန်ကုန်-ပဲခူး (၆)လမ်းသွား (ပဲခူးအပိုင်း)ဖောက်တဲ့ ဆရာဦးခင်မောင်ဆယ်၊ ပျဉ်းမနား-ပင်လောင်းလမ်းကိုဖောက်တာ ဆရာဦးဝင်းမောင်၊ နေပြည်တော်-မြို့သစ်-ကံပြား-မကွေးလမ်းကို ဖောက်တာကတော့ ဆရာဦးဝင်းဖေ၊ ဗျတ္တပန်းဆက်လမ်းကို ဖောက်တာကတော့ ဦးစိုးအောင်နှင့် ဦးရွှေဇင်၊ ရန်ကုန်- မန္တလေးအမြန်လမ်းကို တည်ဆောက်သူ ဆရာဦးတင်ဆန်း၊ နာဂစ်လမ်းများကို ဦးဆောင်ဖောက်လုပ်သူ အဘလေးဦးမြင့်သိန်း၊ ဘူးသီးတောင်-မောင်တောလမ်းလှိုင်ဂူရှောင်ကွင်းလမ်းဖောက်လုပ်သူ ဦးဇော်ဝင်း။ ပုတာအို-နောင်မွန်း-ပန်နန်း တင်လမ်းအဆင့်မြှင့်တင်သူ ဦးတင်မောင်အုန်း။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း အဆင့်မြှင့်တင်သူ ဦးသန်းမြင့်၊ မအိ-ကျောက်ဖြူလမ်းမကြီးကိုတာဝန်ယူတည်ဆောက်တာ ဆရာ DE ဦးသန်းညွှန်၊ ပင်လည်ဘူး-ဖေါင်းပြင်လမ်းသစ်ကြီးကိုတာဝန်ယူတည်ဆောက်တာ DG ဦးလှထွန်းဦးနှင့် DDG ဦးရွှေဇင်၊ ရန်ကုန်သံလျင်တံတားကြီးကိုတည်ဆောက်တဲ့သူကတော့ ဆရာဦးသန့်ဇင်၊ ဘုရင့်နောင်တံတား အောင်ဇေယျတံတားတွေကိုတည်ဆောက်တဲ့သူကတော့ ဆရာဦးခင်မောင်အေး (ရန်ကုန်-ပုသိမ်လမ်းပေါ်တွင် ကျောင်းကုန်းတံတား၊ အင်းမတံတား၊ ပသွယ်တံတား၊ ကုန်းကနောင်တံတား၊ အိုင်စောက်တံတား၊ ကဝိတံတား၊ ဗောဓိတံတား၊ မဲဇလီတံတား၊ ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတားတို့ကို တည်ဆောက်ခဲ့သူ ဆရာဦးခင်မောင်အေးဟာဆိုရင် သူ့ကို တံတားများရဲ့ ဆရာကြီးအဖြစ်နဲ့အားလုံးက အသိမှတ်ပြုထားတာဖြစ်ပါတယ်။ သူဟာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တံတားများနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်ခဲ့ပါတယ်။ တင်ပြပါတံတားများကို သူကိုယ်တိုင် PD အဖြစ် တာဝန်ယူတည်ဆောက်ခဲ့ပါတယ်။ တံတား အင်ဂျင်နီယာချုပ်အဖြစ်နဲ့လည်း တံတားပေါင်းများစွာကို ဦးဆောင်ခဲ့တာ ဖြစ်ပါတယ်။) ငါးဝန်မြစ်ကူးတံတား၊ ငါးသိုင်းချောင်းတံတားကို တည်ဆောက်သူကတော့ ဆရာဦးဟန်ဇော်။ သံလွင်မြစ်ကူးတံတား (မော်လမြိုင်)ကိုတည်ဆောက်သူ ဆရာဦးတင့်လွင်။ ရောဝတီမြစ်ကူးတံတား (ပခုက္ကူ)ကိုတည်ဆောက်သူ ဆရာဦးရွှေလေးနှင့် ဆရာဦးဟန်စိုး။ စသည်ဖြင့် အင်ဂျင်နီယာအသိုင်းအဝန်းတွေထဲမှာ ဒီလိုပဲရှိကြတယ်။ တင်ပြခဲ့တဲ့ဆရာကြီးများဟာ ကိုရာဇာလက်လှမ်းမှီသလောက် စုစည်းမိတာလေးတွေတင်ပြခြင်းမျှသာဖြစ်ပါတယ်ဗျာ။ လက်ရှိထင်ရှားရှိနေသော ဆရာကြီးများအား ကြိုးစားပြီးတင်ပြပေးဦးမှာပါဗျာ။ ကွယ်လွန်သွားကြပြီတဲ့ ဆရာကြီးများရဲ့ မိသားစုများကို လိုက်လံတွေ့ဆုံပြီး တင်ပြပေးချင်ပါသေးတယ်ဗျာ။

ခုချိန်မှာတောင်ကြီးမြို့ အတက်လမ်းအဆင်းလမ်းတည်ဆောက်ခဲ့တဲ့ ဆရာဦးဇော်ဝင်းမှာ ယခုအသက် ၈၈နှစ်ရှိပြီ၊ ရန်ကုန် သန်လျင်တံတားကြီးကို တည်ဆောက်ခဲ့တဲ့ ဆရာဦးသန့်ဇင်မှာ ယခု အသက် ၈၇နှစ်ရှိပြီ၊ မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်ကြီးကိုတည်ဆောက်ခဲ့တဲ့ ဆရာ ဦးစံဖေဆိုရင် ယခုအသက် ၈၄နှစ်ရှိပြီ၊ ကြံခင်း ဘိလပ်မြေ စက်ရုံတည်ဆောက်ခဲ့တဲ့ ဒုဝန်ကြီးငြိမ်း ဦးတင့်ဆွေမှာ ယခုအသက် ၈၃နှစ်ရှိပြီ၊ ဒီမြို့ပြအင်ဂျင်နီယာ ဆရာကြီးတွေဟာ ယခုအချိန်မှာ အသက်တွေဟာ ကြီးကုန်ပြီဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံရဲ့တိုးတက်မှုကို တိုင်းတာတဲ့ Infrastructure တွေကိုတည်ဆောက်ခဲ့တဲ့ ကိုရာဇာတို့ရဲ့ဆောက် လုပ်ရေးဝန်ကြီးဌာနမှ ဆရာကြီးများအကြောင်း ကိုတင်ပြရင်း . . . ။

သူတို့ဟာ တကယ်တော့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ . . . . . ပုဂ္ဂိုလ်ကြီးများပင် မဟုတ်ပါလားခင်ဗျာ။

ရွှေငှက် (ဆောက်လုပ်ရေး)

ကိုဗစ်–၁၉ ရောဂါကူးစက်မှုလျော့ကျလာစဉ် မလေးရှားနိုင်ငံသားများ အိမ်အယ်လ်ဖီတာပွဲတော် ကျင်းပ



တိုင်းပြည်တွင် ကိုဗစ်-၁၉ ရောဂါ အခြေအနေ ဆက်လက်တိုးတက်နေစဉ် မလေးရှားနိုင်ငံ၏ မွတ်စလင်များသည် အိမ်အယ်လ်မီတာပွဲတော်ကို မေလ ၂ရက် နေ့က ပိုမိုပျော်ရွှင်စွာ ကျင်းပခဲ့ကြသည်။

လော့စ်ဒေါင်းများနှင့် ခရီးသွားကန့်သတ်မှုများကို ကြာရှည်ခံခဲ့ရပြီးနောက် မလေးရှားနိုင်ငံသားများသည် မြို့တော်ကွာလာလမ်းပူရှိလမ်းများ စျေးဝယ်ဆိုင်တန်းများနှင့် စျေးများတွင်ကြိတ်ကြိတ်တိုးသွားရောက်ကြကာ ရာမာဒန်ဥပုသ်လ်ပြီးဆုံးခြင်းနှင့် အိမ်အယ်လ်ဖီတာ အားလပ်ရက်များ စတင်ခြင်းများကို ကျင်းပနေကြသည်။ တစ်ချိန်တည်းတွင် အခြားသူများက "ဘာလစ်ကမ်ပန်" သို့မဟုတ် ဇာတိမြို့ များသို့ အစုလိုက် အပြုံလိုက်ပြန်သွားနေကြသည်။

မလေးရှားကျန်းမာရေးဝန်ကြီး ဦင်ရီဂျာမာလူဒင်က ယခုနှစ်တွင်နေအိမ်တွင် ဧည့်ခံပွဲများကျင်းပခြင်းနှင့် နေအိမ်အလည်အပတ်သွားရောက်ခြင်းများကို ပြန်လည်ခွင့်ပြုမည်ဟု ပြောကြားသည်။ မလေးရှားအစိုးရသည် ကိုဗစ်-၁၉ စီမံခန့်ခွဲမှုအက်ပလီကေးရှင်းမှတ်ပုံတင်ခြင်းနှင့် အပြင်ထွက်လျှင် မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ခြင်းကဲ့သို့သော ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်မှုများကို ရုပ်သိမ်းပေးခဲ့သည်။

ကွာလာလာမ်ပူမြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် နေထိုင်သော အာရစ်နာကီဒင် (၃၄)နှစ်က နှစ်နှစ်ကြာအနှောင့်အယှက်များ၊ တင်းကျပ်သောကန့်သတ်မှုများနှင့် ကြုံတွေ့ရပြီးနောက် မိသားစုဝင်များ၊ ဆွေမျိုးမောင်နှမများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခွင့်ရသည့်အတွက် ဝမ်းသာကြောင်း ပြောကြားသည်။

မေလ ၂ရက် ညပိုင်းတွင် တိုင်းပြည်သို့ရှပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် မလေးရှားဘုရင် ဆူလ်တန်အဗ္ဗဒုလာဆူလ်တန်အာမက်ရှားက ကိုဗစ်-၁၉ ကူးစက်မှုကွင်းဆက်များကို ချိုးဖျက်ရန် ဆက်လက်ကြိုးပမ်းမှုများ၏ အစိတ်အပိုင်းအဖြစ် ဟာရီရာယာ ပျော်ပွဲရွှင်ပွဲအခမ်းအနားများ အတွင်း ကောင်းမွန်သည့် ကျန်းမာရေးဆိုင်ရာအလေ့အထများကို လိုက်နာကြရန် ပြည်သူလူထုအား တိုက်တွန်းခဲ့သည်။

"ကျွန်ုပ်တို့ဟာ ကိုဗစ်-၁၉ ရဲ့ အချုပ်အနှောင်များမှ လွတ်မြောက်ရေးကြိုးပမ်းရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်ဖြတ်ခဲ့ရတယ်။ ရှေ့ဆက်ပြီးလည်း ပြည်သူလူထုအနေနဲ့ ကောင်းမွန်တဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ကျင့်သုံးခြင်း၊ အစိုးရရဲ့အကြံပေးမှုများကို လိုက်နာခြင်း ဖြင့် ဒီအရှိန်အဟုန်ကို ဆက်လက်သယ်ဆောင်ရမှာဖြစ်တယ်"ဟု ဘုရင်ကပြောသည်။

Ref : Xinhua

ရုရှားစစ်ဦးစီးချုပ် ဒွန်းဘက်စ် ရှေ့တန်းစစ်မျက်နှာသို့သွားရောက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောကြား

ရုရှားစစ်ဦးစီးချုပ် ဗယ်လာရီဂျီရာဆီမော့သည် လွန်ခဲ့သောသီတင်းပတ်တွင် ယူကရိန်းရှိ ဒွန်းဘက်စ်ရှေ့တန်းစစ်မျက်နှာသို့သွားရောက်ခဲ့သည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက မေလ ၂ ရက်တွင်ထုတ်ဖော်ပြောကြားသည်။ "သူဟာလွန်ခဲ့တဲ့ သီတင်းပတ်တုန်းက ဒွန်းဘက်စ်ကိုသွားခဲ့တယ်ဆိုတာကိုတော့ ကျွန်တော်တို့အတည်ပြုလို့ရပါတယ်"ဟု အမေရိကန်အကြီးတန်းတာဝန်ရှိသူက သတင်းထောက်များအားပြောကြားခဲ့သည်။

၄ပြီ ၃၀ရက်တွင် ယူကရိန်းတပ်ဖွဲ့များက အီဇီယမ်ရှိ ကွပ်ကဲရေးစင်တာကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်းသိရသည်။ အဆိုပါကွပ်ကဲ ရေးစင်တာတွင် ရုရှားကြည်းတပ်၏စစ်ဦးစီးချုပ် ဂျီရာဆီမော့သည် စစ်မြေပြင်တပ်မှူးများနှင့် တွေ့ဆုံခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ယူကရိန်းဘက်ကလက်နက်ကြီးများဖြင့် မပစ်ခတ်မီ သူသည်ကွပ် ကဲရေးစင်တာမှ ပြန်လည်ထွက်ခွာသွားကြောင်းလည်းသိရသည်။

ရုရှားတပ်များက မြောက်ပိုင်းရှိ ကိယက်ဗ်မြို့ကိုသိမ်းပိုက်နိုင်ခြင်းမရှိသောကြောင့် ဂျီရာဆီမော့သည် မြေပြင်အခြေအနေကို ကောင်းစွာနားလည်စေရန်လည်းကောင်း၊ ယူကရိန်းအရှေ့ပိုင်းဒေသများဖြစ်သော ဒိုးနက်နှင့်လူဟန်တို့ကို ထိန်းချုပ်ရန်ကြိုးပမ်းရာ၌ ရုရှားတပ်များကိုစုစည်းရန်လည်းကောင်း ရှေ့တန်းသို့သွားရောက်ခြင်းဖြစ်သည်ဟုယူဆရသည်။ စစ်ပွဲနှင့်စပ်လျဉ်း၍ နေ့စဉ်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပင်တဂွန်တာဝန်ရှိသူ က ရုရှားတပ်များသည် အရှေ့ပိုင်းဒေသတွင် ယူကရိန်းတပ်များကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသော်လည်း တိုးတက်မှုအနည်းငယ်သာရှိကြောင်း၊ ရုရှားတပ်များ၏ကြိုးပမ်းအားထုတ်မှုများသည် အားရစရာမရှိကြောင်း ပြောကြားခဲ့သည်။

ရုရှားတို့သည် ကျေးရွာများကို အောင်အောင်မြင်မြင်ထိန်းချုပ်နိုင်သည်ဆိုသော်လည်း အဆိုပါကျေးရွာများ ယူကရိန်းတိုက်ခိုက်ရေးသမားများ လက်သို့ပြန်ရောက်သွားသည်ကို ကြည့်ခြင်းအားဖြင့် ရုရှားတပ်ဖွဲ့များသည် ခေါင်းဆောင်မှုနှင့် စုဖွဲ့မှုညံ့ဖျင်းခြင်းတို့ကြောင့် စိတ်ဓာတ်ရေးရာပျက်ပြားခြင်း၊ ဆင်းရဲဒုက္ခရောက်နေခြင်းများ ကြုံတွေ့နေရသည်ဟု ပင်တဂွန်တာဝန်ရှိသူက ဆိုသည်။

ရုရှားတပ်များသည် ယူကရိန်းတပ်များ၏ ခုခံတိုက်ခိုက်မှုများကြောင့် ကိယက်ဗ်မြို့ကို သ

ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်စပ်ဂေး ပွဲ၂ဖြူးတိုးတက်လာစေမည့် ကမ်းခြေပတ်လမ်းစိမ်ကိန်း (အပိုင်း-၃)



ကျောက်ဆစ်ကြီးကမ်း

ပင်လယ်ကမ်းခြေအနေအထား ထူးခြားချက်

ထူးခြားချက်အနေဖြင့် ရေတိုက်ခံဒဏ်ခံ ပင်လယ်ခွံငါး ပင်ကြီးနှင့်ကမ်းတလျှောက်ရှိငါးဆိုးရေတိမ်ပေါက်ဒေသများတွင် ရေတိုက်ခံဒဏ်ခံနိုင်ရန် ကျောက်ဆစ်များ ခေါ်ယူသုံးစွဲထားခြင်းကြောင့် ထူးခြားချက်အနေဖြင့် ကမ်းခြေတစ်လျှောက် ကျောက်ဆစ်များ ခေါ်ယူသုံးစွဲထားခြင်းကြော





ဒုတိယဝန်ကြီးဦးဝင်းဖေ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ လမ်း၊ တံတား တည်ဆောက်နေမှုအခြေအနေများ လှည့်လည်စစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းဖေသည် တာဝန်ရှိသူများလိုက်ပါလျက် မေလ ၆ ရက် နံနက်ပိုင်းတွင် ဝါးတန်းဆိပ်ကမ်းမှ တစ်ဆင့် ဒလဆိပ်ကမ်းဘက်သို့ ရန်ကုန်မြစ်အား ဇက်ရေယာဉ်ဖြင့်ဖြတ်ကူးပြီး တွံတေးမြို့နယ်အတွင်းရှိ ကံဘဲ-ပျော်ဘွယ်လေး-ဒလလမ်း လမ်းလုပ်ငန်း ဆောင်ရွက်နေသည်တို့ကို သွားရောက်စစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့ လုပ်ငန်းခွင်သို့ ရောက်ရှိရာ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သန်းသန်းဦးက ၂၀၂၀ပြည့်နှစ်မှ ၂၀၂၂ခုနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့သည့်လမ်းပိုင်း၊ လက်ရှိဆောင်ရွက်ဆဲလမ်းပိုင်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း ၊ တံတား လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦးက လိုအပ်သည်များကို ဖြည့်စွက်တင်ပြပါသည်။ ဒုတိယဝန်ကြီးက တွံတေး-ကော့မှူး-ဝါးဘလောက်သောက်-ကွမ်းခြံကုန်းလမ်း၊ ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်းနှင့် လက်ရှိဖောက်လုပ်နေသည့် ကံဘဲ-ပျော်ဘွယ်လေး-ဒလလမ်း လမ်းကွန်ရက်များ ဆက်သွယ်နိုင်မှုကြောင့် ဒလမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်(၃)မြို့နယ်ရှိ ပြည်သူများလမ်းပန်းဆက်သွယ်ရေး လွယ်ကူနိုင်မည်ဖြစ်ကြောင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး၊ သေသပ်ကောင်းမွန်ရေး၊ သတ်မှတ်အချိန်မီပြီးစီးရေးတို့အား အလေးထားရန် လမ်းညွှန်မှာကြားပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တွံတေးမြို့နယ် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)မှ တည်ဆောက်နေသည့် ဆိပ်ကြီးခနောင်တိုတံတား စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန ၊ အင်ဂျင်နီယာချုပ်ဦးထွန်းလင်းက တံတားတည်ဆောက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းမြင့်မွန်က ဖြည့်စွက်တင်ပြပါသည်။ ဒုတိယဝန်ကြီးက စီမံကိန်းတစ်ခုလုံး၏ ဆောင်ရွက်ပြီးလုပ်ငန်း၊ လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများတွင် ဆိပ်ကြီးခနောင်တိုဘက်နှင့် ဒလဘက်ခြမ်းချဉ်းကပ်တံတား လျာထားနေရာ သတ်မှတ်ချက်အတိုင်း မြေယာလျော်ကြေး ကိစ္စရပ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ အချိန်မဆိုင်း ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထား ဆောင်ရွက်ရန် မှာကြားပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒလ-တွံတေးလမ်းအတိုင်း လမ်းတစ်လျှောက် ထွက်ခွာလာပြီး တွံတေးတံတားကြဲ့ခိုင်မှု အခြေအနေများအား မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား မှာကြားပါသည်။

၄င်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာ-ဒလ-တွံတေးလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ခတ္တိယ-ပဒါန်ရေကျော်ကျေးရွာချင်းဆက်လမ်း လမ်းစခန်းရှင်းလင်းဆောင်သို့ရောက်ရှိ၍ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားပါသည်။

တွံတေးမြို့နယ်၊ ခတ္တိယ-ပဒါန်ရေကျော်လမ်းသည် ကျေးရွာအုပ်စု(၁၈)စု၊ ကျေးရွာပေါင်း(၂၉)ရွာရှိ ကျေးလက်နေပြည်သူပေါင်း(၄)သောင်းကျော် သွားလာရေး လွယ်ကူလာနိုင်သကဲ့သို့ လယ်ယာထွက်ကုန်စီးဆင်းမှုနှင့် စာသင်ကျောင်း(၁၁)ကျောင်းအတွက်လည်း ပညာရေးဆိုင်ရာ အထောက်အကူပြုသည့် ကျေးရွာချင်းဆက်သွယ်သည့် လမ်းဖြစ်ကြောင်း သတင်းရရှိပါသည်။

Rotary Blue

NM
New Men
သံထည် နှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး



အဆောင်(၁၁၀)၊အခန်း(၁၁/၁၂)၊အဆောင်(၁၁၁)၊အခန်း(၈/၉)၊သန္ဓာလမ်း၊စော်ဘွားကြီးကုန်းပွဲရုံ၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။
Ph : 01-3646694, 01-3646668, 01-3644079, 01-3647793, 01-9640005
09 456666354, 09-268888074

ဦးကျော်ခင်နှင့်ညီများ
KK
ကားဘော်ဒီဆေးအမျိုးမျိုးပြုပြင်ဆောင်ရွက်ပေးခြင်းလုပ်ငန်း
ဆုလာဘ်
(၄၈)ကားလေးဂိတ်၊ အင်းစိန်မီးရထားဘောလုံးကွင်းရှေ့၊ ဗဟိုလမ်း၊
အင်းစိန်ပန်းခြံဘေး၊ အင်းစိန်မြို့နယ်။
ဖုန်း ၀၉-၅၀၃၄၅၅၆၂၊ ၀၉-၉၆၅၀၃၄၅၅၆၂၊ အလုပ်ရုံဖုန်း - ၀၉-၉၈၅၀၄၄၅၅၆၂။

မြေး
မိုးကာရေဂျင်နှင့်ဓိနပ်ပစ္စည်း၊
ပလက်စတစ်အိပ်မျိုးစုံ ရောင်းဝယ်ရေး
ဆိုင်(၁) အမှတ်(၄)ဧမာသီလမ်းမကြီး၊ ဇ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း ၀၁ - ၉၆၉၉၁၆၂၊ ၀၁ - ၉၆၉၉၇၉၀၊ ၀၉ - ၄၂၀၁၈၄၁၈၆၊ ၀၉ - ၄၄၈၀၂၁၅၂၃
ဆိုင်(၂) အမှတ်(၁၄)အနောက်လှော်ကားလမ်းမကြီး၊ (ထ/၁၆)ရပ်ကွက်၊ လှော်ကားဘူတာအနီး၊
ရွှေပြည်သာမြို့နယ်။ ဖုန်း ၀၉ - ၄၄၃၃၁၁၈၁၃



စေတနာ မီးသားဈေး
ကိုသန်းထွဋ်

ကျွန်းတံခါး၊ ကျည်းဘောင်လုပ်ငန်း
အမှတ်(၁၀၄၁)၊(၃၈)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ ဒဏ်ပြုံသစ်မြောက်ပိုင်း။
Ph : 01 580252, H.P : 09 51 20860

စကားနဲ့မရပ် မားနဲ့ကျပြတ်

ဧပြီ ၂၉ရက် ညစာနာရီအချိန်တွင် ဒဂုံမြို့နယ်နေ ဒေါ်လဲ့လဲ့နှင်းသည် ကွမ်းယာဝယ်ရန်အတွက် တပင်ရွှေထီးရပ်ကွက်၊ ဒေါ်မြမြအေးက ဗိုလ်တေဇ (၁၀) လမ်းထိပ်သို့ ညီမဖြစ်သူနှင့်အတူ ထွက်လာစဉ် ဗိုလ်တေဇ (၁၁)လမ်းတွင်နေထိုင်သည့် ဒေါ်လဲ့လဲ့နှင်း၏ညီမဖြစ်သူ မတင်ဇာဝင်း နှင့်လမ်းထိပ်တွင် ၎င်း၏ခဲအိုဖြစ်သူ သမွန်မောင်းကျော်လွင်ဦး (ခ)ကုလား၊ (၃၂)နှစ်နှင့် စကားများရန်ဖြစ်နေ ကြောင်း လမ်းတွင်တွေ့ရှိသူပြောပြသဖြင့် သွားရောက်ခဲ့သည်။

၎င်းတို့ ၂ဦး စကားများရန်ဖြစ်နေသည်ကိုတွေ့ရှိရပြီး ကျော်လွင်ဦး (ခ)ကုလားက ဒှက်ကြီးတောင်ဓားဖြင့် မတင်ဇာဝင်း၏ လည်ပင်းသို့ ခုတ်သဖြင့် မတင်ဇာဝင်းက လက်ဖြင့်ကာလိုက်ရာ ဝဲဘက်လက်ညှိုး၊ လက်ခလယ်နှင့် လက်သူကြွယ်တို့ပြတ်ထွက်၊ ယာလက်ကောက်ဝတ်ပြတ်ရှု၊ မေးစေ့ပြတ်ရှဒဏ်ရာ (စိုးရိမ်ရ)များ ရရှိခဲ့သည်ကိုတွေ့မြင်သိရှိရသည့်အပြင် ဒဏ်ရာရရှိသူ မတင်ဇာဝင်းအား ဒလပြည်သူ့ဆေးရုံမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသသဖြင့် ကျော်လွင်ဦး (ခ)ကုလားကို အရေးယူပေးရန် တိုင်ကြားခဲ့သည်။ ဒလမြို့မရဲစခန်း(ပ)၉၄/ ၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ ၃၀၇ ဖြင့် အမှုဖွင့်အရေးယူထားသည်။

မင်းကြည်ညို

ရာအိမ်မှူးလည်း ဝဲနံစောင်းကျည်ဟောက်ဝင်

၃၀၊ ၄၊ ၂၀၂၂ရက်နေ့ ညနေ၄နာရီခဲ့အချိန် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ အမှတ် (၉)ရပ်ကွက်၊ သရက်လမ်းနှင့် စကုလမ်းထောင့်တွင် လူတစ်ဦးသေနတ်ဖြင့်ပစ်ခံရကြောင်း သတင်းအရ သက်ဆိုင်ရာမှသွားရောက်စိစစ်ခဲ့သည်။

ဒဏ်ရာရရှိသူမှာ အမှတ် (၉)ရပ်ကွက်၊ ရာအိမ်မှူး ဦးထွန်းကျော်ဖြစ်ပြီး မင်းလှလမ်းနှင့် ပတ္တမြားရတနာလမ်းထောင့်ရှိ အောင်ချမ်းသာမော်ဂုံ၌ ရပ်ကွက်နေပြည်သူများကို အိန္ဒိယနိုင်ငံအစိုးရမှ ထောက်ပံ့သည့် ဆန်နှင့်ဂျုံမျှားပေးလှူခြင်းကို ပြန်လည်ခွဲဝေပေးပြီးနောက် ၎င်းပိုင် JLM 125 အမျိုးအစား အနက်ရောင်ဆိုင်ကယ်ဖြင့် တစ်ဦးတည်းနေထိုင်ရာ သရက်လမ်းသွယ်မောင်းနှင်ပြန်လာစဉ် ဆိုင်ကယ်ဖြင့် အမည်မသိ အမျိုးသား (၂)ဦးက အမျိုးအစား (စိစစ်ဆဲ)သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ဦးထွန်းကျော်၏ ဝဲဘက်နံစောင်းတွင်ဖောက်ဝင်ပြီး ဝမ်းဗိုက်ယာဘက်မှ ဖောက်ထွက်ဒဏ်ရာတစ်ချက်တို့ ရရှိခဲ့သဖြင့် အမှတ် (၁)တပ်မတော်ဆေးရုံကုတင် (၁၀၀၀)သို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့သည်။ အခင်းဖြစ်ရပ်မှ Thai Arms 380 Auto အမျိုးအစားကျည်ဆံခွံတစ်ခုအားသိမ်းဆည်းထားခဲ့ပြီး သေနတ်ဖြင့် ပစ်ခတ်သွားသူများအား ဖမ်းဆီးရမိနိုင်ရေးအတွက် စုံစမ်းလျက်ရှိသည်။ **မင်းကြည်ညို**



သတိပေးထားပြီဖြစ်ပေမယ့် လစ်လျှင်လစ်သလိုလုပ်နေ

၅၊ ၅၊ ၂၀၂၂ရက်နေ့ နံနက် ၁၀နာရီ ၁၀မိနစ်အချိန် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ အေးသာယာမြို့၊ ရပ်ကွက် (၁၁)၊ နယ်မြေ (၇၂)၊ အေးသာယာဆည်မြောက်ဘက်၊ ရဲစခန်းတောင်ဘက် ၂ မိုင်ခန့်အကွာရှိခြံတောတွင် အမည်မသိ အမျိုးသားတစ်ဦး ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်း သတင်းအရ နယ်ထိန်းရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ ရွှေညောင်မြို့နေ အောင်သပြေ၊ စဉ့်ဟယ်၊ ကမာလာရပ်ကွက်နေ ယာဉ်မောင်းကျော်နိုင်ဦး (၂၇)နှစ်ဖြစ်ပြီး ရင်ဘက်နှင့်ကျောကုန်းတို့တွင် ထိုးသွင်းဒဏ်ရာ (၂၁)ချက်ဖြင့်သေဆုံးနေသည်ကိုတွေ့ရှိရသည်။

အလောင်းကို၊ စပ်စံထွန်း ဆေးရုံသို့ပို့ဆောင်ခဲ့ရာ PR-01 ဖြင့် အမှုလက်ခံထားပြီး အေးသာယာနယ်မြေရဲစခန်း (ပ)၃၉/ ၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ အမှုဖွင့်စုံစမ်းဖော်ထုတ်ခဲ့ရာ မွန်းလွဲ ၁နာရီ၁၀မိနစ်အချိန်အမှုဖြင့် မသိကာသူ အေးသာယာမြို့၊ နယ်မြေ (၂)၊ ရပ်ကွက် (၂)နေသူ စိုင်းစောဖောင်း (၂၁)နှစ်ကို ခေါ်ယူစစ်ဆေးရာက အမှုပေါ်ပေါက်ခဲ့သည်။

၎င်းကိုစစ်ဆေးချက်အရ သေဆုံးသူ ကျော်နိုင်ဦးထံမှ ငွေသိန်း (၂၀)ကျပ်ရရန်ရှိကြောင်း၊ ဆိုင်ကယ် (၂)စီးအားလည်း လိမ်လည်ပြီးရောင်းစားခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ခဲ့သည့်အတွက် ၎င်းနေအိမ်သို့ လာရောက်ခြင်းမပြုရန် အကြိမ်ကြိမ်ပြောဆိုခဲ့သော်လည်း သေဆုံးသူကျော်နိုင်ဦးမှာ နားမထောင်ဘဲ ၎င်းမရှိသည့်အချိန်များတွင် နေအိမ်တိုက်ခန်းသို့ ခိုးကြောင်ခိုးဝှက်လာရောက်လေ့ရှိကြောင်း၊ ဇနီးဖြစ်သူမ.....နေအိမ်တိုက်ခန်းတွင် တစ်ဦးတည်းရှိနေသည့်အချိန်များတွင်လည်း ကျော်နိုင်ဦးမှာ လာရောက်သဖြင့် ပြောဆိုမရသည့်အဆုံးတွင် ၎င်းအား သတ်ဖြတ်ရန်ကြံရွယ်ခဲ့ပြီး ၄၊ ၅၊ ၂၀၂၂ရက် ည ၉နာရီခွဲခဲ့အချိန် သေဆုံးသူ ကျော်နိုင်ဦး နေအိမ်သို့ သွားရောက်ခဲ့ပြီး TOYOTA Wish YGN-2J/.....အဖြူရောင်ကားဖြင့် သူငယ်ချင်းများထံသွားရောက်လည်ပတ်မည်ဟု ပြောဆိုခေါ်ဆောင်ခဲ့ကြောင်း၊ အေးသာယာမြို့ ရပ်ကွက် (၁၁)၊ အေးသာယာဆည်မြောက်ဘက် ချုံတောအရောက် သတ္တုရိုးတပ်ဓားမြောင်ဖြင့်ထိုးခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

မင်းကြည်ညို

ကံဆိုးပေသွားရာ မိုးကြိုးလိုက်လာ

၃၀၊ ၄၊ ၂၀၂၂ရက် ညနေ ၅နာရီ ၅၀မိနစ်အချိန်တွင် ကော့မှူးမြို့နယ်၊ ကျွဲလူးအိုင်ကျေးရွာကွင်းအမှတ် (၄၀၁)မဝန်းချောင်း၀ကွင်းတွင် အမျိုးသမီးတစ်ဦး မိုးကြိုးထိမှန်ပြီး သေဆုံးသွားကြောင်း သတင်းအရ ရဲတပ်ဖွဲ့ကသွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ကော့မှူးမြို့နယ် ကျွဲလူးအိုင်ကျေးရွာနေ ဒေါ်ငယ်လေး (ခ)ဒေါ်သန်းသန်းနု၊ (၄၀)နှစ်ဖြစ်ကြောင်းသိရပြီး ၃၀၊ ၄၊ ၂၀၂၂ ရက် ညနေ ၅နာရီ၁၅မိနစ်အချိန် ၎င်းပိုင်လယ်ကွင်းထဲတွင် နေအိမ်တဲအဟောင်းမှပစ္စည်းများကို နေအိမ်တဲအသစ်သို့ ပြောင်းရွှေ့နေစဉ် နေအိမ်တဲမြောက်ဘက် ကိုက် (၁၀၀)ခန့်အကွာအရောက်၌ မိုးသက်လေပြင်းကျရောက်၍ လျှပ်စီးလက်မိုးကြိုးပစ်ခဲ့သည်။

လျှပ်စီးလမ်းကြောင်းမလွတ်ဘဲ ထိမှန်၍ ဦးခေါင်းဝဲဘက်ရိုးဆံပင်များ မီးလောင်ကျွမ်းထားသည့်ဒဏ်ရာ၊ ဝဲနားရွက်နှင့် ဝဲလည်ပင်းတို့တွင် မီးလောင်ကျွမ်းထားသည့်ဒဏ်ရာ၊ ဝဲလက်မောင်းရင်း မီးလောင်ကျွမ်းထားသည့် ဒဏ်ရာများရရှိကာ တစ်ကိုယ်လုံးညိုမည်းပြီး အခင်းဖြစ်အရပ်၌ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရသည်။ အလောင်းကို ကော့မှူးမြို့နယ်ဆေးရုံသို့ပို့အပ်ရာ ပီအာရ် ဝ၁၉ ဖြင့် လက်ခံထားပြီး ကော့မှူးမြို့မ ရဲစခန်းသေမှုသေခင်းအမှတ်စဉ် (၂/ ၂၀၂၂)ဖြင့်အမှုဖွင့်ပြီး စစ်ဆေးလျက်ရှိသည်။

မင်းကြည်ညို

➡ စာမျက်နှာ (၁၀) ဒုတိယဝန်ကြီး ဦးဝင်းဖေ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသတင်းမှ

လည်းကောင်း ကြည့်ရှုစစ်ဆေးပါသည်။

ဆက်လက်၍ ရောဝတီတံတား (သရက်-အောင်လံ)တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူးဦးဌေးအောင်က တံတားတည်ဆောက်နေမှု အခြေအနေများရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အင်ဂျင်နီယာချုပ်တို့မှ တံတားဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ခွင့်ပြုဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များတွင် မြေယာလျော်ကြေးပေးခြေမှု၊ ချဉ်းကပ်လမ်းနှစ်ဖက်တွင် ကမ်းကပ်ခုံမြေဖို့ခြင်းလုပ်ငန်း၊ ချဉ်းကပ်တံတား၊ ပင်မတံတား စသည့်တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများအား သတ်မှတ်အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အား အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားပါသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-ပြည်-မကွေးလမ်းတစ်လျှောက် လမ်းအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရှိရပါသည်။

Rotary Blue

➡ စာမျက်နှာ (၃) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့အစည်းအဝေး တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များ ရွေးချယ်နိုင်ရေးကျင်းပ သတင်းမှ

စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကိုလိုက်နာပြီး လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပါသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများဖြစ်ကြသည့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဦးအေးမြင့်တို့က ယနေ့တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်မည့်အစီအစဉ်များ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လိုက်နာဆောင်ရွက်ရမည့် အင်ဂျင်နီယာကျင့်ဝတ်သိက္ခာများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ် ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပါသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများက တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များ ရွေးချယ်နိုင်ရေးအတွက် ဥပဒေပါ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များ၊ ကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီးအကြံပြုဆွေးနွေးခဲ့ပြီး တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များ ပဏာမရွေးချယ်ရေးကို ကျင်းပပြုလုပ်ခဲ့ကြောင်းသိရှိရပါသည်။

MNG

တောင်ကိုရီးယားသမ္မတ ကျမ်းကျိန်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးစေလွှတ်ရန် ဂျပန်စီစဉ်



တောင်ကိုရီးယားသမ္မတအဖြစ် ရွေးချယ်ခံထားရသူ ယွန်ဆွတ်ယိုဇ၏ ဟောပြောအမှာကြမ်းသစ္စာ ကျိန်ဆိုပွဲ အခမ်းအနားသို့ ဝန်ကြီးချုပ်ဖူမီယိုကီရှိုးဂါးတက်ရောက်မည်မဟုတ်ဘဲ နိုင်ငံခြားရေးဝန်ကြီး ဟိုရှိမာဆာဟာယာရှိကို စေလွှတ်မည်ဟု ဂျပန်အစိုးရက ကြေညာသည်။

မေလ ၁၀ ရက်တွင်ကျင်းပမည့် သမ္မတသစ် ကျမ်းကျိန်ပွဲအခမ်းအနားသို့ ဝန်ကြီးချုပ်ကိုရှိးဂါတက်ရောက်ရန် တောင်ကိုရီးယားအစိုးရက မျှော်လင့်သည်။ ဂျပန်နိုင်ငံ၏ ၁၉၁၀-၁၉၄၅ အထိ ကိုရီးယားကျွန်းဆွယ်ကို ကိုလိုနီအုပ်စီးမှုပေါ်ထွက်ခဲ့သော သမိုင်းဆိုင်ရာအငြင်းပွားမှုများနှင့် ပတ်သက်ပြီး နှစ်နိုင်ငံအကြားဆက်ဆံရေး ဆိုးရွားနေသည်။ သဘောတွဲလွှဲမှုများအပေါ် တိုးတက်မှုအပေါ် တိုးတက်မှုအာမခံချက် တစ်စုံတစ်ရာမရှိဘဲ ဂျပန်ခေါင်းဆောင်များသွားရောက်ရန်အကြိုးရှား ဆုံးဖြတ်ခဲ့သည်ဟု ဂျပန်အစိုးရသတင်းရင်းမှတ်ကဆင်ခြေပြသည်။

ဟာယာရှိအဆို ၎င်း၏ခရီးအတွင်း တောင်ကိုရီးယားတစ်ရေးဝန်ထမ်း အရာရှိများနှင့် တွေ့ဆုံရန်မမျှော်လင့်ထားကြောင်းအဆိုပါသတင်း ရင်းမှတ်ကဖော်ပြသည်။ လတ်ဆိုသမ္မတ မွန်းဇေအင်းလက်ထက်တွင် ဂျပန်-တောင်ကို ရီးယားဆက်ဆံရေးသည် နှစ်ပေါင်းများစွာအတွင်း အနိမ့်ဆုံးအဆင့်သို့ရောက်ရှိခဲ့သည်။

အနာဂတ်ကိုဦးတည်သော ချဉ်းကပ်မှုတစ်ခု အတွက်တောင်းဆိုလျက် ယွန်းဆွတ်ယိုက နှစ်နိုင်ငံဆက်ဆံရေးမှာ မြင့်ဆင်ရေးကြိုးပမ်းရန် ကိုယ်စား လှယ်မွဲ့ တစ်မွဲ့ကို ဂျပန်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ချမ်းဂျဆွတ် ဦးဆောင်သော တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် ငါးရက်ကြာခရီးအတွင်း ဝန်ကြီးချုပ်ကီ ရှိုးဂါ။ နိုင်ငံခြားရေးဝန်ကြီးကာယာရှိအပါအဝင် ဂျပန်အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ သို့သော်နှစ်ဖွဲ့လုံးမှ ပြဿနာများပြေလွှင်းရေးနှင့် ပတ်သက်ပြီး တိုးတက်မှုတစ်စုံတစ်ရာမရရှိခဲ့ပေ။

ဂျပန်အားကာစုပါတီပု ဥပဒေပြုအတွင်းအချို့ကလည်း ဝန်ကြီးချုပ်ကီရှိးဂါးတောင်ကိုရီးယားသမ္မတ မည်ကိုနှင့် ဆန့်ကျင်ကြသည်။ ယင်းသို့သွားရောက်ခြင်းဖြင့် ဂျပန်နိုင်ငံ၏ရပ်တည်ချက် ပျော့ပျောင်းလွန်းသည့် အဓိပ္ပါယ်သက်ရောက်နိုင်ကြောင်း ၎င်းတို့ကသတိပေးခဲ့ကြသည်။

မြောက်ကိုရီးယားက ဒုံးကျည်နှင့် နျူကလီးယားလှုံ့ဆော်မှု အသစ်တစ်မျိုးပြုလုပ်လာခြင်း၊ ဒုတ္ထကေယူကရိန်းကို ကျူးကျော်တိုက်ခိုက်ခြင်းတို့ ဖြစ်ပွားပြီးနောက် အမေရိကန်ပြည်ထောင်စုသည် ဂျပန်၊ တောင်ကိုရီးယားတို့နှင့်အတူ သုံးနိုင်ငံလုံးဖြင့်ခေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နေရန်လည်း ကတိကဝတ်ပြုခဲ့သည်။ ဂျပန်၊ တောင်ကိုရီးယားတို့နှင့်အတူ သုံးနိုင်ငံလုံးဖြင့်ခေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နေရန်လည်း ကတိကဝတ်ပြုခဲ့သည်။ သို့သော်နှစ်ဖွဲ့လုံးမှ ပြဿနာများပြေလွှင်းရေးနှင့် ပတ်သက်ပြီး တိုးတက်မှုတစ်စုံတစ်ရာမရရှိခဲ့ပေ။

ဂျပန်အားကာစုပါတီပု ဥပဒေပြုအတွင်းအချို့ကလည်း ဝန်ကြီးချုပ်ကီရှိးဂါးတောင်ကိုရီးယားသမ္မတ မည်ကိုနှင့် ဆန့်ကျင်ကြသည်။ ယင်းသို့သွားရောက်ခြင်းဖြင့် ဂျပန်နိုင်ငံ၏ရပ်တည်ချက် ပျော့ပျောင်းလွန်းသည့် အဓိပ္ပါယ်သက်ရောက်နိုင်ကြောင်း ၎င်းတို့ကသတိပေးခဲ့ကြသည်။

မြောက်ကိုရီးယားက ဒုံးကျည်နှင့် နျူကလီးယားလှုံ့ဆော်မှု အသစ်တစ်မျိုးပြုလုပ်လာခြင်း၊ ဒုတ္ထကေယူကရိန်းကို ကျူးကျော်တိုက်ခိုက်ခြင်းတို့ ဖြစ်ပွားပြီးနောက် အမေရိကန်ပြည်ထောင်စုသည် ဂျပန်၊ တောင်ကိုရီးယားတို့နှင့်အတူ သုံးနိုင်ငံလုံးဖြင့်ခေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နေရန်လည်း ကတိကဝတ်ပြုခဲ့သည်။ သို့သော်နှစ်ဖွဲ့လုံးမှ ပြဿနာများပြေလွှင်းရေးနှင့် ပတ်သက်ပြီး တိုးတက်မှုတစ်စုံတစ်ရာမရရှိခဲ့ပေ။

ဂျပန်အားကာစုပါတီပု ဥပဒေပြုအတွင်းအချို့ကလည်း ဝန်ကြီးချုပ်ကီရှိးဂါးတောင်ကိုရီးယားသမ္မတ မည်ကိုနှင့် ဆန့်ကျင်ကြသည်။ ယင်းသို့သွားရောက်ခြင်းဖြင့် ဂျပန်နိုင်ငံ၏ရပ်တည်ချက် ပျော့ပျောင်းလွန်းသည့် အဓိပ္ပါယ်သက်ရောက်နိုင်ကြောင်း ၎င်းတို့ကသတိပေးခဲ့ကြသည်။

မြောက်ကိုရီးယားက ဒုံးကျည်နှင့် နျူကလီးယားလှုံ့ဆော်မှု အသစ်တစ်မျိုးပြုလုပ်လာခြင်း၊ ဒုတ္ထကေယူကရိန်းကို ကျူးကျော်တိုက်ခိုက်ခြင်းတို့ ဖြစ်ပွားပြီးနောက် အမေရိကန်ပြည်ထောင်စုသည် ဂျပန်၊ တောင်ကိုရီးယားတို့နှင့်အတူ သုံးနိုင်ငံလုံးဖြင့်ခေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နေရန်လည်း ကတိကဝတ်ပြုခဲ့သည်။ သို့သော်နှစ်ဖွဲ့လုံးမှ ပြဿနာများပြေလွှင်းရေးနှင့် ပတ်သက်ပြီး တိုးတက်မှုတစ်စုံတစ်ရာမရရှိခဲ့ပေ။

Ref : Kyodo

အိန္ဒိယဝန်ကြီးချုပ်၏ ဥရောပခရီးစဉ်တွင် ယူကရိန်းပြဿနာကို အဓိကဆွေးနွေးရဖွယ်ရှိ

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် မေလ ၂ ရက်တွင် ဥရောပသို့ ခုနစ်ကြည်ရေးဆီးထွက်ခွာသွားသည်။ အိန္ဒိယအစိုးရသည် ယူကရိန်းနိုင်ငံအပေါ် ရုရှားစစ်ကွင်းကျော်ဝင်ရောက်မှုကို ပြစ်တင်ရှုတ်ချရန်ငြင်းဆိုခဲ့စဉ် မိုဒီနှင့် ဥရောပခေါင်းဆောင်များ၏ အစည်းအဝေးများတွင် ယူကရိန်းပြဿနာသည် အဓိကအစီအစဉ်ဖြစ်မှာယ်ရှိသည်။

ဖွတ္တာယ်ပု စင်လက်ဖက်ပဲပျဉ်းများကို အများအပြားတင်သွင်းနေသည့် ကမ္ဘာ့နံပါနိုင်ငံသည်ဟာ နောက်ဘုံစုနှင့်ရုရှားကြားတွင် ကာလရှည်ကြာ သံတမန်ရေးအရ သတိကြီးစွာထားခဲ့ဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျာမကီ ဒီနိုးမတ်နှင့် ပြင်သစ်နိုင်ငံများသို့ မတွက်ခုတ်ခြင်းနှင့်သည်ကြေညာ ချက်တစ်ရပ်တွင် ပိုဂီက "ဥရောပဟစ်ခ်ပေါ်မူတွေ့ ဖွေ့ချယ်မှုတွေနဲ့ ကြုံတွေ့နေရခြိန်မှာ ကျွန်တော်ဥရောပကို အလည်အပတ်ခရီးသွားရောက်ခြင်းမဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဆုံး ဥရောပလုပ်ဟော ကိုင်ဇက်များနှင့် မူဝေါဒီးဆောင်ရွက်ရေး စိတ်ဓာတ်အားကောင်းလာစေရန် ရည်ရွယ်ကြောင်း ဥရောပလုပ်ဟော်တိုင်ဇက် များသည် ပြင်းမှော်ဖရေနှင့်ခွန်းသာကြွယ်ဝ ရေအတွက် အိန္ဒိယစက်ကြီးပမ်းမှုတွင် အရေးပါသောအပေါင်းအဖော်များဖြစ် ကြောင်းထုတ်ဖြန့် ချက်တွင်ဟော်ပြထား သည်။ မေလ ၃ရက်တွင်စတင်မည့် နှစ်ရက်ကြာ အိန္ဒိယ-နော်ခမ်းဒီပလီအရေးဝိုး အရေးတွင် ဒိန်းမတ်၊ ဂရိတ်ဗြိတိန်၊ ဖင်လန်၊ ဆွီဒင်၊ နော်ဝေးနဲ့ပြင် ချန်များနှင့်တွေ့ဆုံရန် ကိုယေဘုယျ ပြင်ဆင်ပြီးဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ်သည် ပြင်သစ်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနှင့် တွေ့ဆုံမည်ဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ်သည် ပြင်သစ်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနှင့် တွေ့ဆုံမည်ဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ်သည် ပြင်သစ်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနှင့် တွေ့ဆုံမည်ဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ်သည် ပြင်သစ်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနှင့် တွေ့ဆုံမည်ဖြစ်သည်။

ဂျာမကီ ဒီနိုးမတ်နှင့် ပြင်သစ်နိုင်ငံများသို့ မတွက်ခုတ်ခြင်းနှင့်သည်ကြေညာ ချက်တစ်ရပ်တွင် ပိုဂီက "ဥရောပဟစ်ခ်ပေါ်မူတွေ့ ဖွေ့ချယ်မှုတွေနဲ့ ကြုံတွေ့နေရခြိန်မှာ ကျွန်တော်ဥရောပကို အလည်အပတ်ခရီးသွားရောက်ခြင်းမဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဆုံး ဥရောပလုပ်ဟော်ကိုင်ဇက်များနှင့် မူဝေါဒီးဆောင်ရွက်ရေး စိတ်ဓာတ်အားကောင်းလာစေရန် ရည်ရွယ်ကြောင်း ဥရောပလုပ်ဟော်တိုင်ဇက် များသည် ပြင်းမှော်ဖရေနှင့်ခွန်းသာကြွယ်ဝ ရေအတွက် အိန္ဒိယစက်ကြီးပမ်းမှုတွင် အရေးပါသောအပေါင်းအဖော်များဖြစ် ကြောင်းထုတ်ဖြန့် ချက်တွင်ဟော်ပြထား သည်။ မေလ ၃ရက်တွင်စတင်မည့် နှစ် ရက်ကြာ အိန္ဒိယ-နော်ခမ်းဒီပလီအရေးဝိုး အရေးတွင် ဒိန်းမတ်၊ ဂရိတ်ဗြိတိန်၊ ဖင်လန်၊ ဆွီဒင်၊ နော်ဝေးနဲ့ပြင် ချန်များနှင့်တွေ့ဆုံရန် ကိုယေဘုယျ ပြင်ဆင်ပြီးဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ်သည် ပြင်သစ်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနှင့် တွေ့ဆုံမည်ဖြစ်သည်။

ဂျာမကီ ဒီနိုးမတ်နှင့် ပြင်သစ်နိုင်ငံများသို့ မတွက်ခုတ်ခြင်းနှင့်သည်ကြေညာ ချက်တစ်ရပ်တွင် ပိုဂီက "ဥရောပဟစ်ခ်ပေါ်မူတွေ့ ဖွေ့ချယ်မှုတွေနဲ့ ကြုံတွေ့နေရခြိန်မှာ ကျွန်တော်ဥရောပကို အလည်အပတ်ခရီးသွားရောက်ခြင်းမဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဆုံး ဥရောပလုပ်ဟော်ကိုင်ဇက်များနှင့် မူဝေါဒီးဆောင်ရွက်ရေး စိတ်ဓာတ်အားကောင်းလာစေရန် ရည်ရွယ်ကြောင်း ဥရောပလုပ်ဟော်တိုင်ဇက် များသည် ပြင်းမှော်ဖရေနှင့်ခွန်းသာကြွယ်ဝ ရေအတွက် အိန္ဒိယစက်ကြီးပမ်းမှုတွင် အရေးပါသောအပေါင်းအဖော်များဖြစ် ကြောင်းထုတ်ဖြန့် ချက်တွင်ဟော်ပြထား သည်။ မေလ ၃ရက်တွင်စတင်မည့် နှစ် ရက်ကြာ အိန္ဒိယ-နော်ခမ်းဒီပလီအရေးဝိုး အရေးတွင် ဒိန်းမတ်၊ ဂရိတ်ဗြိတိန်၊ ဖင်လန်၊ ဆွီဒင်၊ နော်ဝေးနဲ့ပြင် ချန်များနှင့်တွေ့ဆုံရန် ကိုယေဘုယျ ပြင်ဆင်ပြီးဖြစ်သည်။

ဒီအစီအစဉ်အတိုင်းဆိုလျှင် ဝန်ကြီးချုပ်သည် ဒိန်းမတ်နှင့် ဂရိတ်ဗြိတိန်တို့သို့ ရောက်ရှိသွားပြီးနောက် ဖင်လန်၊ ဆွီဒင်နှင့် နော်ဝေးတို့သို့ ချန်များနှင့်တွေ့ဆုံရန် ကိုယေဘုယျ ပြင်ဆင်ပြီးဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ်သည် ပြင်သစ်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနှင့် တွေ့ဆုံမည်ဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ်သည် ပြင်သစ်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနှင့် တွေ့ဆုံမည်ဖြစ်သည်။

ဒီအစီအစဉ်အတိုင်းဆိုလျှင် ဝန်ကြီးချုပ်သည် ဒိန်းမတ်နှင့် ဂရိတ်ဗြိတိန်တို့သို့ ရောက်ရှိသွားပြီးနောက် ဖင်လန်၊ ဆွီဒင်နှင့် နော်ဝေးတို့သို့ ချန်များနှင့်တွေ့ဆုံရန် ကိုယေဘုယျ ပြင်ဆင်ပြီးဖြစ်သည်။

ဒီအစီအစဉ်အတိုင်းဆိုလျှင် ဝန်ကြီးချုပ်သည် ဒိန်းမတ်နှင့် ဂရိတ်ဗြိတိန်တို့သို့ ရောက်ရှိသွားပြီးနောက် ဖင်လန်၊ ဆွီဒင်နှင့် နော်ဝေးတို့သို့ ချန်များနှင့်တွေ့ဆုံရန် ကိုယေဘုယျ ပြင်ဆင်ပြီးဖြစ်သည်။

ဒီအစီအစဉ်အတိုင်းဆိုလျှင် ဝန်ကြီးချုပ်သည် ဒိန်းမတ်နှင့် ဂရိတ်ဗြိတိန်တို့သို့ ရောက်ရှိသွားပြီးနောက် ဖင်လန်၊ ဆွီဒင်နှင့် နော်ဝေးတို့သို့ ချန်များနှင့်တွေ့ဆုံရန် ကိုယေဘုယျ ပြင်ဆင်ပြီးဖြစ်သည်။

Ref: AFP

Qantas လေကြောင်းလိုင်းက အရည်လျားဆုံး ဆက်တိုက်ဆက်တိုက် ခရီးသည်တင်လေယာဉ်ပျံသန်းမှုစတင်မည်

Qantas လေကြောင်းကုမ္ပဏီသည် ၂၀၂၇ခုနှစ်အကုန်တွင် ကမ္ဘာ့အရှည်လျားဆုံး ဆက်တိုက်ကော်မာရွယ်လေကြောင်းပျံသန်းမှုကို စတင်မည်ဖြစ်ကြောင်း အစီးရီပြီးပြု လန်ဒန်အထိုးဆီသည်များသည့် လေထဲတွင်အချိန် ၁၉ နာရီကြာစေမည်ဖြစ်ကြောင်း လေကြောင်းကုမ္ပဏီက ဖေ ၂ တွင်ကြေညာသည်။

ငါးနှစ်ကြာစီစဉ်ပြီးနောက် လန်ဒန်နှင့် နယူးယောက်အပါအဝင် မြို့ကြီးများသို့ "နေထွက်စီမံကိန်းအရ မြေးဆွဲရန် Airbus A350-1000 လေယာဉ် ၁၂ စင်းမှာယူထားကြောင်း လေကြောင်းလိုင်းကပြောသည်။ ဆက်တိုက်ဆက်တိုက် လေကြောင်းပျံသန်းမှုများကို ၂၀၂၅ ခုနှစ်တုန်းတွင် ဆစ်ဒနီမှစတင်မည်ဖြစ်ကြောင်း၊ နောင်အပါ ယင်းခရီးစဉ်းလေးပြေးဆွဲမှု စီမံကိန်းတွင် မဲလ်ဘုန်းမြို့ကိုပါ ထည့်သွင်းသွားမည်ဖြစ်ကြောင်း ဘီရာသည်။

"လေယာဉ်ပုံစံသစ်များက လွှင်တွားမှုအသစ်များကို ပြုလုပ်နိုင်မှုပါတယ်" ဟု Qantas လေကြောင်းတွင်းဥက္ကဋ္ဌအလန်ဂျိုက်ဒ်ကပြောသည်။

ဆက်လက်၍ဒီး ၎င်းက "A350 နဲ့ နေထွက်စီမံကိန်းတို့က ဩစတြေးလျှမည်သည့်မြို့ကြီးမှားဒီဟို ခရီးတစ်ကြောင်းတည်းနဲ့ အရောက်ပို့ဆောင်မေမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

Qantas လေကြောင်းလိုင်းသည် ၂၀၁၉ ခုနှစ်တွင် ပို် ၁၁၀၀၀ ခိုင်ကွာ ထေးသည့် နယူးယောက်-ဆစ်ဒနီခရီးကို အခိုနှ် ၁၉နာရီ အနည်းငယ်အကျော်ဖြင့် ပစ်သပ်ပြေးဆွဲခဲ့သည်။

စင်းကာပူလေကြောင်းပိုင်းကလည်း မိုင် ၁၀၄၀၀ အကွာသော စင်ကာပူမှ နယူးယောက်ခရီးကို ၁၉ နာရီခန့်ဖြင့် ပစ်သပ်ပြေးဆွဲခဲ့သည်။

အလားတူ Qantas လေကြောင်းလိုင်းသည် ကီလို ဒီတာ ၁၄၄၅၀ (မိုင် ၉၀၀၀)ခန့်ရှိသော ပါသ်-လန်ဒန်ခရီးစဉ်ကို အရှိန် ၁၇နာရီခန့်ဖြင့် ဆက်ကိုက်မရုပ်မနားပြေးဆွဲထားပြီးဖြစ်သည်။

Ref : AFP

ကမ္ဘောဒီးယားနိုင်ငံတွင် ၁၂ရာစု ကျောက်တွင်းပန်းပုလက်ရာများ ရှာဖွေတွေ့ရှိ



ဖွေဟောင်း သုတေသနပညာရှင်များသည် အန်ကာဖွေဟောင်းသုတေသနပန်းဒုံတွင် ၁၂ရာစု အင်ကောရာ (Apsara) သို့မဟုတ် နတ်သမီးကျောက်တုံးပန်းပုမှတ်များ၏ အဖိုဟ်အပိုင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းဖွေဟောင်းသုတေသနပန်းဒုံသည် ကမ္ဘောဒီးယားနိုင်ငံ အနောက်ပြောက်ဘက်ရှိ ဆီအန်ရက်ပြည်နယ်တွင် တည်ရှိသည်။

ကျောက်တွင်း ပန်းပုလက်ရာများကို အန်ကာလွှမ်ဘုရားကျောင်း၏ တာကတ်ဂိတ်ပေါက်တာရိုလမ်း၏ပြောက် အနံ့ရှဲတွင် ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းနေရာတွင် ဖွေဟောင်းသုတေသနပညာရှင်များသည် ပြည်ပြင်ထိန်းသိမ်းရေးအတွင်း အနိုပ်ဘက်အဆောက်အအုံမှ မြန်မာပိတ် ပေါင်းများရေးလင်းခြင်းနှင့် မြေဆီလွှာ ဖယ်ထုတ်ခြင်းများ ပြုလုပ်နေသည်။

ဖွေးဟောင်းသုတေသနပညာရှင် ကင်ဆမ်ဒီဇောက အက်ဆာရာရုပ်တုများ အခြားအလှဆင်ထားသော ရုပ်တုများနှင့်အတူ ကျောက်တုံးအပိုင်းအစများကို တာရိုးစ်၏ပြောက်တက်နံရံအဖြစ်အသုံး ပြုထားကြောင်း ပြောကြားခဲ့သည်။

"အဲဒီ အင်္ကျီအာရာရုပ်တုဟာ ဘာယွန်ဘုရားကျောင်းရဲ့ ဒေါက်တိုင်များပေါ် ရှိ အင်္ကျီအာရုံးနဲ့ ဆင်တူတယ်။ အခြားကျောက်ထွင်းခဲ့ရပ် တုတွေဟာလည်း ထားကထိုင်ကိန်းပါဝင်ခဲ့အဆောက်အအုံကို အလှအပဖြစ်ဖြယ်ထားတဲ့မှတ်တုများနဲ့ပဲ သန္ဓာန်တူတယ်" ဟု သူမက ပြောသည်။

ဆက်လက်၍ဒီး သူမက ဘာယွန်ပုံစံ ကျောက် ထွင်းခဲ့ပုံတုများကို ၁၂ ရာစု အဆောင်ပိုင်းကာလအတွင်း တာကတ်ဂိုက် ဘာယွန်ဘုရားကျောင်းတို့နှင့်အတူ တစ်ပြိုင်နက်တည်း တည်ဆောက်ထားခြင်း ဖြစ်နိုင်ကြောင်း ဖွေးဟောင်းသုတေသနပညာရှင်များသည် ကျွဲအတွင်းပြုတ်ကျသွားသော ဒေဝခွဲတုများကို ရှာဖွေရန် နောက်တစ်ဆင့် ရှာဖွေတူးဖော်မှုများ ပြုလုပ်ပြုမည်ဖြစ်ကြောင်းပြောသည်။

တာကတ်ဂိတ်သည် သတ္တုဖမြောက် ကျွဲရာ ခမ်မန်ဘုရင်က ၁၂ရာစုနောင်း ပိုင်သည်ဟုယူဆထားခဲ့သော အင်္ကာသွမ်၏ ဂိတ်ပေါက်ငါးခုအနက် တစ်ခု ဖြစ်သည်။ အန်ကာသွမ်သည် တုရုန်း ကီလိုမီတာ ၃၀၀ အကွာယ်ရှိ အန်ကာဖွေ ဟောင်းသုတေသနပန်းဒုံတွင် အဓိက ကုသောဘုရာကျောင်းများအနက် တစ် ခုဖြစ် သည်။ အန်ကာဖွေးဟောင်း သုတေသနပန်းဒုံသည် ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့ဖွေဟောင်းအမွေအနှစ်များစုး တွင်ပါဝင်သည်။

Ref : Xinhua



AGGC
www.aungyigroup.com

No.9, PARAMI VALLEY, MINDAMA ROAD, MAYANGONE TOWNSHIP, YANGON, MYANMAR.
Hot Line: 09785000001, 09785000002, 09785000003
Email: sales@powermax-industries.com



AGGC
www.aungyigroup.com

Lot 9, Parami Valley, Mindama Road, Mayangone Township, Yangon, Myanmar.
Tel: +95-78 5000001, 78 5000002, 78 5000003, 78 5000004, 78 5000005
Email : info@aungyigroup.com www.aungyigroup.com

ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတား ပွဲ့ပြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ဌာနဆိုင်ရာဒာဝန်ထိုက်သူများ လိုက်ပါလျက် မေလ ၇ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှင်သာယာ-တံတေးလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ တံတေးဘူးမြောင်းကို ဖြတ်ကျော်၍ တံတေး-မဏ္ဍပ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားလေသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတေး-မဏ္ဍပ်လမ်း မိုင်တိုင်(၂၈/၆)မှ(၂၈/၇) ကြားတွင် (၂)လမ်းသွား ကွန်ကရစ်တံတား၊ တည်ဆောက်ပြီးစီးမှု၊ တံတားရင်းကပ်လမ်းနှင့် လမ်းမကြီးဆက်စပ်သည့်နေရာတွင် ရေတိုက်စားမှုမရှိစေရေးအတွက် နည်းပညာသစ်ကို အသုံးပြုကာ ကားကွယ်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပါသည်။

တံတေး-မဏ္ဍပ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နှင့် ရောင်တိတိုင်းဒေသကြီး မဏ္ဍပ်မြို့သို့ အဝေးပို့တိုးတက်မှုအတွင်း လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး၊ ကုန်စည်စီးဆင်းမှုများလည်း သွက်လက်မြန်ဆန်လာမည်ဖြစ်ပါသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တွံတေးကြီးရိပ်သာဟောင်း ကြီးမိုင်ပူတခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)မှ တွံတေးတူးမြောင်းကို မြှတ်ကျော်တည်ဆောက်နေသည့် အိပ်ကြီးခေတ်မီတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ မှူးလင်းဆောင်တွင် တံတားတည်ဆောက်ရေး ဘာဝနံ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းထွေးက အိပ်ကြီးခရောင်တိုးမြှင့်နယ်နှင့် ဒလမြို့နယ်တို့တို့ ဆက်သွယ်မည့် အိပ်ကြီးခရောင်တိုတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ မြေယာလျော်ကြေးကိစ္စ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ပြည့်ရှုစွက်ရှင်းလင်းတင်ပြပါသည်။


တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တံတားကြီးရိပ်သာလေးက အိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့မှ ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေမှုအတွက် တံတားတည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတိုင်းရေး အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်ရန်လိုပါကြောင်း၊ လုပ်ငန်းခွင်သားအလုပ်သမားများ၏ ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန် တို့ကိုမှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပါသည်။

အိပ်ကြီးခရောင်တိုတံတားသည် ရန်ကုန်တိုင်းဒေသကြီး၊ အိပ်ကြီးခရောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့ကို ဆက်သွယ်ရှိ တွံတေးတူးမြောင်းကိုဖြတ်ကျော်တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ အုတ်မြစ်သဲကုဋ္ဌမ်ကရစ် ဘိုရိုင်း အပေါ်ထည်ပစ်မတံတား Nielsen Arch Bridge များကဲ့သို့ Steel Box Girder နှင့် PC Girder တို့ဖြင့် တည်ဆောက်ထားပြီး၊ ခုစုပေါင်းတံတားအရှည် (၂၄၂.၂၀)ပေ ယာဉ်သွားလမ်းအကျယ် (၂၈) ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် တံတားဇံခံနိုင်ဝန်တန် (၆၀)ဖြစ်ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်အောင်ပိုင်းခရိုင်မှ ဒလ-တွံတေးလမ်းအပိုင်းအား ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ တွံတေးမြို့ ခွံ့ပြိုးတိုးတက်ရေးတွက် လမ်း တံတား အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

MNG

ဒုတိယဝန်ကြီး ဦးဝင်းဖေ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများ လိုက်ပါစွာ၊ မေလ ၉ရက် နံနက်ပိုင်းတွင် သံတွဲမြို့မှတစ်ဆင့် ပြည်-တောင်ကုတ်-သံတွဲလမ်းအတိုင်း၊ လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး တောင်ကုတ်မြို့၊ လမ်း ဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ လမ်းအထူး အဖွဲ့ (၁၈)တွင် ဂက်ယာဉ်/ယန္တရားများရဖွဲ့ဆား ရိုးအား လုပ်ငယ်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လက်ရှိအသုံးပြုနေကျ ဂက်ယာဉ်/ယန္တရားများစာရင်း အရေအတွက် အရေအတွက် အရေးပေါ် အခြေအနေအတွက် အရန် ရရှိထားသည့် ဂက်ယာဉ်/ယန္တရားများစာရင်း၊ ဂက်မောင်း၊ ဂက်ပြင်ဝန်ထမ်းအင်အား ပြန်ခဲ့ခဲ့တာ ဝန်ပေးထားသည့် အခြေအနေတို့အား ဖွင့်ဟပြောကြားပါသည်။

ဒုတိယဝန်ကြီးက ဂက်ယာဉ်/ယန္တရားများအား မသေမသွေများပြောင့် မှားကိုးဆုံးဖြစ်မှုမဖြစ်စေရေး လုံခြုံရေးကာဗိန်ရွှင်ဖြင့် ထိန်းသိမ်းရန်လိုကြောင်း၊ ဒေသခံသတင်းစေများ၏ အကူအညီဖြင့် သတင်းလက်ဦးမှုရယူနိုင်သည်အထိလုံခြုံမှုရေးတိုးမြှင့် ကြိုတင်စီမံချက်ရေးဆွဲဆောင်ရွက်ရန်နှင့် အရေးပေါ် အခြေအနေတွင် ဂက်ယာဉ်/ယန္တရားများအား လွယ်ကူလျင်မြန်စွာ ရွေ့ပြောင်းနိုင်ရေးဆောင်ရွက်ရန်မှာကြားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြည်-တောင်ကုတ်-သံတွဲလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ လမ်းဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂) လမ်းအထူးအဖွဲ့ (၁၈) မှူးလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီးမှူး ဦးမဲမင်းဆက်က ပြည်-တောင်ကုတ်-သံတွဲလမ်းအပိုင်း ဆောင်ရွက်နေမှုအားလည်းကောင်း၊ လမ်းအထူးအဖွဲ့ (၁၅)မှ ဒုတိယပြည့်နှင့်ကြားရေးမှူး ဦးသန့်ဇော်တ ပြည်-တောင်ကုတ်လမ်း (ပြည်-တွံတေးအပိုင်း) ဆောင်ရွက်နေမှုအားလည်းကောင်း မှူးလင်းဆက်ပြုမှု ဒုတိယဝန်ကြီးက မိုးတွင်းကာလလုပ်ငန်းဆောင်ရွက်ရာတွင် မြေပြိုမှုများကြောင့် ဆိုးသွားလာမှုနှောင့်နေးမည့် အခြေအနေများအား ကြိုတင်မျှော်တွေးဆောင်ရွက်ရန်၊ အညွှန်းအသွေးရှိရန်ပြည့်မီစေရေးနှင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့အား အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားပါသည်။

အဖော်ဆုံ ပြည်ရိန္ဒ နဝင်း-ဝရမ်းဆောင်-ကောက်ဘိုလေးလမ်း မိုင်တိုင် (၀/၀) နှင့် (၀/၄)ကြားရှိ နဝင်းဆောင်းတံတား၊ တံတားအမှတ် (၃/၁) အာလည်းကောင်း၊ သရက်ခရိုင်၊ တံတား ဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်နေသည့် ရောတိတံတား (သရက်-အောင်လံ) တည်ဆောက်ရေးမီမက်ဂိန်း လုပ်ငန်းခွင်ရေရာ သို့သွားရောက်ပြီး အောင်လံတက်ပြင်တွင် ရပ်နားပြီး တံတားတည်ဆောက်နေမှု အခြေအနေများအား

စာမျက်နှာ (၁၅)သို့ →



AGGC
www.aungyigroup.com

No.9, PARAMI VALLEY, MINDAMA ROAD, MAYANGONE TOWNSHIP, YANGON, MYANMAR.
Hot Line: 09785000001, 09785000002, 09785000003
Email: sales@powermax-industries.com



AGGC
www.aungyigroup.com

Lot 9, Parami Valley, Mindama Road, Mayangone Township, Yangon, Myanmar.
Tel: +95-78 5000001, 78 5000002, 78 5000003, 78 5000004, 78 5000005
Email : info@aungyigroup.com www.aungyigroup.com